# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၀၂)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ငြိမ်းချမ်းရေး၏အရသာကို သိရှိခံစားခဲ့ကြပြီးဖြစ်သော ကချင်ပြည်နယ်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့သည် ယခုအချိန်တွင်လည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး အမြန်ဆုံးရရှိလိုကြမည်ဟု ယုံကြည်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား -**

ယနေ့ ဇန်နဝါရီလ(၁၀)ရက်နေ့သည် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဖြစ်ပါသည်။

ယခုကဲ့သို့ နေ့ထူးနေ့မြတ် အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းလွတ်၍ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် မရှိအတူရှိအတူ၊ အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ နိုင်ငံတော်တွင် စည်းလုံးညီညွတ်မှုပြိုကွဲ၍ အဘက်ဘက်မှ အင်အားနည်းပါးချိန်တွင် မိမိထက်အဆမတန် အင်အားကြီးမားသော

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားမြို့၌ လီဆူတိုင်းရင်းသားများနှင့် တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jang Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးတို့သည် မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လီဆူရိုးရာယဉ်ကျေးမှုဗဟိုကော်မတီရုံး လီဆူရိုးရာကွင်း၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် Jang Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖူရီလီမီက ကျေးဇူးတင်စကားနှင့် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွက် လိုအပ်ချက်များကို တင်ပြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့ထံ လီဆူရိုးရာ "ဇာဇော်"အား ပေးအပ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများအား မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖူရီလီမီက လီဆူရိုးရာ "ဇာဇော်" ပေးအပ်စဉ်။

မြန်မာ့အလင်း

# အရှုပ်အထွေးတို့ စနစ်တကျဖြစ်စေရေး

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှုပ်ထွေးနေသော ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်ကြိုးများ သွယ်တန်းမှု စနစ်တကျဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို ပြီးခဲ့သည့် ဇန်နဝါရီ ၇ ရက်က ကျင်းပခဲ့သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ ပါဝင်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့၏ ဦးဆောင်မှုဖြင့် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

ရန်ကုန်မြို့သည် နိုင်ငံတွင် လူဦးရေအများဆုံးနှင့် အကြီးဆုံးသော စီးပွားရေးမြို့တော်ဖြစ်ပြီး နိုင်ငံ၏ မျက်နှာစာတစ်ခုလည်း ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မြင်မကောင်းအောင် ယိုင်ရွဲ့နေသော တယ်လီဖုန်းတိုင်၊ ဓာတ်တိုင်များ၊ လမ်းများ ချဲ့လိုက်ပြီးနောက် လမ်းပေါ်တွင် ဆက်လက်ကျန်ရှိနေသော တယ်လီဖုန်းတိုင်များ၊ ရှုပ်ထွေးနေ၊ မြေပေါ်ထိလုလုပုံကျနေသော ဆက်သွယ်ရေးကြိုးများ စသည်ဖြင့် စည်းစနစ်မကျနှ၊ အမြင်မတင့်တယ်သည့် ဆက်သွယ်ရေးကြိုး၊ လျှပ်စစ်ကြိုးသွယ်တန်းမှုများကို စနစ်တကျဖြစ်စေရန်၊ အမြင်တင့်တယ်စေရန် သက်ဆိုင်ရာဌာနများ ညှိနှိုင်းဆောင်ရွက်ခြင်းမှာ လွန်စွာလိုအပ်ပြီး ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည်နှင့်အမျှ ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်သည်။

စင်စစ်အားဖြင့် မြို့တော်စည်ပင်၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးတို့သည် ရန်ကုန်မြို့တော်၏ မြင်ကွင်းများကို လှပတင့်တယ်အောင်၊ စိတ်ကြည်နူးဖွယ်ဖြစ်အောင် ဖန်တီးနိုင်စွမ်းရှိသကဲ့သို့ အကျည်းတန်အရုပ်ဆိုးအောင်၊ စိတ်ညစ်ညူးဖွယ်ဖြစ်အောင်လည်း ဖျက်ဆီးနိုင်စွမ်းရှိကြသည်။ သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်၍ လျှပ်စစ်မီးပသာဒတို့ဖြင့် လင်းလက်လှပပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများ လျှင်မြန်ခေတ်မီသည့် မြို့တော်ကြီး ဖြစ်ပေါ်လာစေရန် ဖော်ဆောင်တည်ဆောက်မှုများကို ရန်ကုန်မြို့တော်သူမြို့တော်သားတို့က ဝမ်းမြောက်ကြိုဆိုကြမည်သာဖြစ်သည်။ ဌာနတစ်ခုနှင့်တစ်ခု ညှိနှိုင်းပေါင်းစပ်မှု အားနည်းချက်ကြောင့် တစ်ဌာနက သစ်ပင်စိုက်ပြီး နောက်တစ်ဌာနက သစ်ပင်ခုတ်ခြင်း၊ တစ်ဌာနက လူသွားစင်္ကြံများ ပလက်ဖောင်းခင်းပြီး မကြာမီ အခြားတစ်ဌာနက မြေအောက် ပိုင်ယာများ ပြုပြင်ရန် တူးဖော်ထွင်းဖောက်ရခြင်းစသည့် အတိတ်ကာလက အမှားများကို ပြုပြင်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများ မလိုအပ်ဘဲ သုံးစွဲနေရမှုများကို ရှောင်ရှားနိုင်မည့်အပြင် ပြည်သူလူထု၏ ဌာနဆိုင်ရာများအပေါ် အမြင်ကောင်းကိုလည်း ရရှိနိုင်ကြမည်ဖြစ်သည်။

ရှုပ်ထွေးလေးလံနေသည့် ဖုန်းကြိုး၊ ဓာတ်ကြိုးများ၊ လူမြင်ကွင်းများကို ပိတ်ကွယ်နေသည့် ကြော်ငြာဆိုင်းဘုတ်များအပါအဝင် စက္ခုပသာဒကို ထိခိုက်စေသည့် လူလုပ်အရာဝတ္ထုများမှာ မြင်ကွင်းညစ်ညမ်းမှု (Visual Pollution) များပင်ဖြစ်သည်။ မြင်ကွင်းညစ်ညမ်းမှုကြောင့် လူတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းတို့တွင် ထိခိုက်မှုများလည်းရှိရာ မြို့ကြီးပြကြီးများတွင် ဖြစ်ပေါ်သည့် မြင်ကွင်းညစ်ညမ်းမှုများကို တတ်နိုင်သမျှ ရှင်းလင်းကြရမည်သာဖြစ်သည်။ ဖုန်းကြိုး၊ အင်တာနက်ကြိုးများအပါအဝင် ဆက်သွယ်ရေးကြိုးများ၊ ဓာတ်ကြိုးများ၊ ရေပိုက်များ စသည့်သွယ်တန်းမှုများကို မြင်ကွင်းရှုပ်ထွေးမှုမှ ရှောင်ရှားနိုင်ရန်နှင့် လိုအပ်ပါက အလွယ်တကူ ပြင်ဆင်နိုင်ရန် ပြင်ဆင်မှုတစ်ခုပြုလုပ်တိုင်း အခြားတစ်ခုခုကို ဖယ်ရှားရခြင်း၊ ဖျက်ဆီးရခြင်းတို့ မလိုအပ်ဘဲ ပြင်ဆင်နိုင်ရန် ဒီဇိုင်းရေးဆွဲ၍ Underground စနစ်ကို ကျင့်သုံးခြင်းက လျော်ကန်သင့်မြတ်သည့် စနစ်ပင်ဖြစ်သည်။

မြို့ရွာများ စနစ်တကျသန့်ရှင်းသာယာလှပရေးတွင် အခြေခံအကျဆုံးမှာ စည်းကမ်းလိုက်နာမှုဖြစ်သည်။ လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ ဌာနဆိုင်ရာများ စသည်တို့အထိ စည်းကမ်းနှင့်ညီညွတ်ကြဖို့ လိုအပ်သည်။ စည်းကမ်းချိုးဖောက်မှုကို ကိုယ်တိုင်မပြုသလို အခြားသူများ ပြုလုပ်မှုကိုလည်း လက်မခံကြရန်၊ ဌာနအဖွဲ့အစည်းများကလည်း အမှန်တကယ် ထိထိရောက်ရောက် အရေးယူရန် လိုအပ်သည်။ စည်းမျဉ်းစည်းကမ်းလိုက်နာမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ အားကောင်းလာသည်နှင့်အမျှ မြို့ပြဒေသ ပိုမိုခေတ်မီလှပလာမည်ဖြစ်ပါကြောင်း။ ။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက် ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၃-၁-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁-၁၁-၂၀၂၁) နေ့မှ (၁၀-၁၂-၂၀၂၁) နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာ တစ်ဦး၊ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၁၀ ဦး ပေါင်းတစ်ဆယ့်ခြောက်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ သုံးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၇၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၁၂၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၀၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်တုန်းမြို့နယ်ရှိ Top Dairy Farm ပုဂ္ဂလိကနွားမွေးမြူရေးခြံအား ကြည့်ရှုအားပေး

**ညောင်တုန်း ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၈ ရက်က ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ပဲရုံဆိပ်ကျေးရွာရှိ Top Dairy Farm ပုဂ္ဂလိကနွားမွေးမြူရေးခြံသို့ ရောက်ရှိလာရာ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ ညောင်တုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နို့စားနွားမွေးမြူရေးလုပ်ငန်း၊ နွားနို့ထုတ်လုပ် ရောင်းချနေမှုနှင့် လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ယာပုံ)** တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးမိုးခိုင်နှင့် လုပ်ငန်းရှင် ဦးမြတ်သိန်းထွန်း တို့က လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချောင်းကြီးတိုက်နယ်ဆေးရုံသို့ သွားရောက်ကာ ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း အခု ၁၀၀၀၊ Level 2 PPE ဝတ်စုံ ၁၀၀ စုံတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်နှင့် ချောင်းကြီးတိုက်နယ်ဆေးရုံအုပ် ဒေါက်တာ သက်စုမွန်ဝင်း တို့က လက်ခံရယူကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထားဝယ်တိုင်းရင်းသား ဓလေ့ထုံးတမ်းစာအုပ် မိတ်ဆက်ပွဲ ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၉**

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထားဝယ်ရှေးဟောင်း သုတေသီအဖွဲ့တို့ ပူးပေါင်း၍ ထားဝယ်တိုင်းရင်းသား ဓလေ့ထုံးတမ်းစာအုပ်မိတ်ဆက်ပွဲကို ယနေ့ နံနက် ၉ နာရီက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်ရှေးဟောင်း သုတေသီအဖွဲ့မှ နောန်အောင်မျိုးက "ဥဩအော်သည်၊ ထားဝယ်တည်" ဆိုသည့် ဆိုရိုးစကားနှင့်အညီ၊ ကောဇာသက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် ထားဝယ်မြို့ကို ဦးနဲလှ တည်ခဲ့ပြီး မြို့တည်စဉ်က မြို့အမည်ကို "သာယာဝတီမြို့" ဟု အမည် ပေးခဲ့ကြောင်း၊ ထားဝယ်လူမျိုး ပေါ်ပေါက်လာပုံ၊ ယနေ့ခေတ် ထားဝယ်တိုင်းရင်းသား လူငယ်များအနေဖြင့် တိုင်းရင်းသားလူငယ်များအကြား ထားဝယ်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် မိမိလူမျိုးများအကြောင်းကို ရဲရဲဝံ့ဝံ့ပြောနိုင်အောင် တိုင်းရင်းသားဓလေ့ထုံးတမ်း စာအုပ်ကို မိတ်ဆက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



စာအုပ် မိတ်ဆက်ပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ကြင်ကြင်သန်း၊ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာဖြူနှင့် ဝန်ထမ်းများ၊ စာရေးဆရာများနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြောင်း သိရသည်။

**ကေကေအယ်လ်(ထားဝယ်)**

## မြန်အောင်မြို့နယ်၌ လမ်းမဘေး ကျူးကျော်ဈေးဆိုင်များ ကွင်းဆင်းစစ်ဆေး

**မြန်အောင် ဇန်နဝါရီ ၉**

မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ ပုသိမ်-မုံရွာကားလမ်းဘေးရှိ လမ်းနယ်အတွင်း ကျူးကျော်ဈေးဆိုင်များ ရောင်းချခြင်းနှင့် လယ်ယာမြေများတွင် ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံ ဆောက်လုပ်ရန် ပြင်ဆင်နေမှုများကို ဇန်နဝါရီ ၈ ရက်က မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်ရှိ လမ်းနယ်အတွင်း ကျူးကျော် ဈေးရောင်းချမှုများကြောင့် ဈေးရောင်းချသူများသာမက ဈေးဝယ်သူများပါ ယာဉ်အန္တရာယ်ရှိသဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းဇော်ထွန်း(ပြန်/ဆက်)**

❖ **မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများ ဖြစ်ပါသည်။ အမျိုးသားရေးလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ်ကို တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်**

❖ **သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် လက်နက်ကိုင် ပဋိပက္ခများ အပြီးတိုင် မချုပ်ငြိမ်းနိုင်သေးသောကြောင့် သဘာဝအလှအပများကို အပြည့်အဝ မခံစားနိုင်သေးသကဲ့သို့ သဘာဝသယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်သေးဘဲ ဖြစ်နေ**

❐ *ရှေ့ဖုံးမှ*

ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရပါသည်။ ထိုသို့ နယ်ချဲ့လက်အောက် ကျရောက်ခဲ့သော်လည်း တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ သူ့ကျွန်မခံလိုသူများက မျိုးချစ်စိတ်ဓာတ်ထက်သန်စွာဖြင့် မိမိတို့အသက်ကို ပဓာနမထားဘဲ နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြပါသည်။ မကြာမီကျရောက်တော့မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခြေခံပင်လုံစာချုပ်ဖြင့် သူ့ကျွန်ဘဝမှလွတ်မြောက်ကာ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်မှာ မိမိတို့တိုင်းရင်းသားအားလုံး၏ မဆုတ်မနစ်သော ဇွဲလုံ့လ၊ မျိုးချစ်စိတ်ဓာတ်၊ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုတို့ကြောင့်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးအစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ(၁၀)ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"** အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ကချင်ပြည်နယ်တွင် ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါးစသည့် ကချင်မျိုးနွယ်စုများ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီး စသည့်ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုအပါအဝင် လူဦးရေစုစုပေါင်း (၁၇)သိန်းကျော် ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်သည် အဖိုးတန်သဘာဝသယံဇာတများ ဖြစ်သည့် ရွှေ၊ ကျောက်စိမ်း၊ ပယင်းစသောအဖိုးတန်သယံဇာတများ ပေါများကြွယ်ဝသကဲ့သို့ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများကိုလည်း ပိုင်ဆိုင်ထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာ ဒေသတစ်ခုလည်း ဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံများမှာ ပျော်ရွှင်ချမ်းမြေ့စရာ ဖြစ်ပါသည်။ ကချင်ရိုးရာမနောပွဲနှင့် ထောင်ကာအကတို့မှာ ပြည်တွင်းသာမက နိုင်ငံတကာကပါ စိတ်ဝင်စားကြသော တိုင်းရင်းသားအမွေအနှစ်များ ဖြစ်ပါသည်။

မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများ ဖြစ်ပါသည်။ အမျိုးသားရေးလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ်ကို တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်ကြောင်း အသိပေးလိုပါသည်။

သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင် မချုပ်ငြိမ်းနိုင်သေးသောကြောင့် သဘာဝအလှအပများကို အပြည့်အဝ မခံစားနိုင်သေးသကဲ့သို့ သဘာဝသယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်သေးဘဲ ဖြစ်နေရပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး၏ အရသာကို သိရှိခံစားခဲ့ကြပြီးဖြစ်သော ကချင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတို့သည် ယခုအချိန်တွင်လည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး အမြန်ဆုံးရရှိလိုကြမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့ပင် ဖြစ်သည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တိုင်းရင်းသားညီနောင်အားလုံးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများအနေဖြင့် သဘောထားမှန်ကန်ကြပြီး တူညီသော စိတ်ဆန္ဒများရှိရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူအားလုံးကလည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားကြစေရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိရှိရှိ ဆောင်ရွက်ပေးကြရန် မှာကြားလိုပါသည်။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုမရှိပါက ဆက်လက်လုပ်ဆောင်ရမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့မှာ အလှမ်းဝေးနေဆဲသာဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော**

**တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့် စီမံချက်များချမှတ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍအားလုံးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံနှင့်လူမျိုးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် အခိုင်အမာရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့သော ထူးမြတ်သည့် ကချင်ပြည်နယ်နေ့အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ၊ ပြည်နယ်အကျိုး၊ ပြည်နယ်သားများ၏အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားများ၏အကျိုး သယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားမြို့၌ လီဆူတိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မြစ်ကြီးနားမြို့ရှိ ဧရာဝတီမြစ်ကူးတံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

❒ *ရှေ့ဖုံးမှ*

ထို့နောက် လီဆူတိုင်းရင်းသား၊ တိုင်းရင်းသူလေးများက လီဆူရိုးရာကွာချဲအကဖြင့် ကပြဖျော်ဖြေကြရာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့သည် မြစ်ကြီးနားမြို့ရှိ ဧရာဝတီမြစ်ကူးတံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ တက္ကသိုလ်စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေကူးပြေးလမ်း ၁၀ လမ်းပါ (၅၀ မီတာ၊ ၂၅ မီတာ) ရေကူးကန် တည်ဆောက်နေမှု၊ ရေကူးကန်အတွင်း ပွဲကြည့်စင်၊ အမိုး၊ ဒိုင်းများ ထည့်သွင်းတည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**သတင်းစဉ်**

# သမိုင်းတန်ဖိုးကြီးမားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ကျောက်ပန်းတောင်းမြို့နယ် သံဘိုရွာသို့ ကျောက်ဖြစ်ရုပ်ကြွင်းဝါသနာရှင်၊ ပညာရှင်များ လာရောက်လေ့လာနိုင်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာမှ မြောက်ဘက် ၁ မိုင် ၅ ဖာလုံခန့်အကွာ ပုပ္ပားဂေါက်ကွင်းမှ အနောက်ဘက် ၁ မိုင် ၁ ဖာလုံခန့်အကွာတွင် ပုပ္ပားအုပ်စု သံဖိုချောင်းဖျားကျေးရွာနှင့် သံဖိုအုပ်စု သံဘိုအလယ်ရွာ၊ သံဘိုရွာသစ်တို့တွင် နှစ်သက်တမ်းများစွာက တည်ရှိခဲ့သည့် ကြီးမားသည့် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းနှင့် သံချက်ဖိုတွေကို ရပ်ရွာအခြေပြုခရီးစဉ်ဒေသဖြစ်နိုင် မဖြစ်နိုင်နှင့် တိုင်းရင်းဆေးရွာလုံးကျွတ်ထုတ်လုပ်ရောင်းချနေပုံများအား လာရောက်လေ့လာပါရန် သံဘိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုး၏ တက်ကြွသည့်ဖိတ်ကြားမှု၊ သွားရောက်လေ့လာလိုသည့်စိတ်တို့ဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံဌာနခွဲရုံးမှ ဦးမျိုးမင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အဆိုပါ ရှေးအလွန်ကျသည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာသို့သွားရောက်၍ ရပ်ရွာအခြေပြုခရီးစဉ်ဒေသ ဖော်ဆောင်လို့ရ မရနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ပြောကြားထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ အမှန်တကယ်ရှိ မရှိ ပဏာမသွားရောက်လေ့လာခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အင်ကြင်းကျောက်နှင့် အခြားကျောက်များ တရုတ်နိုင်ငံဝယ်လက်ကြောင့် အင်ကြင်းကျောက်ရှာဖွေရောင်းချသူများ သစ်တောနှင့်ထိစပ်သည့်ကျေးရွာများတွင် အမြောက်အမြားတွင်ကျယ်ခဲ့ရာ သံဘိုရွာသည်လည်း တစ်ရွာအပါအဝင်ဖြစ်ခဲ့ကြောင်း ဒေသခံများ၏ပြောပြချက်အရ သိခဲ့ရသည်။ ယခုတူးဖော်တွေ့ရှိထားသည့် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းကျောက်ကြီးသည်လည်း မြေအနက် ၁၇ ပေခန့်တွင် အလျား ၇၄ ပေ တူးဖော်တွေ့ရှိထားပြီး ဆက်လက်တူးဖော်ရန်လည်း ကျန်ရှိနေသေးကြောင်း၊ အားလုံးမတူးရသေးသည့်အတွက် အလျားအရှည်မည်မျှရှိမည်ခန့်မှန်းမရသေးကြောင်း၊ လုံးပတ် ၆ ပေ ၇ လက်မရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးက ရှင်းပြသည်။

သံဘိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးသည် ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်း ပရိုင်းမိတ်ဟု ယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်း အမျိုးအမည် ၁၀၀ ခန့် စုဆောင်းရရှိထားသော်လည်း ခုနစ်မျိုးသာ သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သံဘိုရွာသို့လာရောက်သည့် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ခန့်မှန်းပေးခဲ့ကြောင်း သိရသည်။

တွေ့ရှိထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း သမင်ချို၊ ဆင်အံအောက်မေးရိုး၊ လိပ်ကျောခုံး ကျောက်ဖြစ်ရုပ်ကြွင်း၊ နွားအရိုးကျောက်ဖြစ်ရုပ်ကြွင်းများနှင့် မြိုင်မြို့နယ် ဗဟင်းကျေးရွာအနီးတွင် တွေ့ရသော ပုံတောင်ပရိုင်းမိတ်နှင့်တူသော နှစ်သန်းပေါင်း ၄၀၀၀ ကျော်ခန့်ရှိလူသားမျိုးနွယ်အစဟုယူဆရသည့် ပုံစံတူ အမျိုးအမည်မသိ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း တွေ့ရှိခဲ့ရပြန်သည်။ ထိုသံဘိုကျေးရွာသည် ပုပ္ပားတောင်မကြီး ကိုးကွေ့သစ်တောကြိုးဝိုင်းကပ်လျက်တည်ရှိကာ အင်ကြင်းကျောက်များစွာထွက်ရှိကြောင်း၊ ကုန်းနေ၊ ရေနေသတ္တဝါများ စုံလင်စွာနေထိုင်ခဲ့သည့် အရပ်ဒေသဖြစ်ခဲ့သည်များလားဟု သံဘိုကျေးရွာသို့ လာရောက်သည့် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက မှတ်ချက်ပြုခဲ့ကြောင်း ဦးမောင်မောင်စိုးက ရှင်းပြသည်။

သံဘိုချောင်းဖျားကျေးရွာအရှေ့ဘက် မန်ကျည်းတောအတွင်း ပုဂံမင်းအဆက်ဆက်အား လက်နက်ဆက်သရသည့် သံချက်ဖိုအမြောက်အမြားရှိနေသေးပြီး သံချေးခဲများ၊ သံချက်ဖိုများအနီးတွင် တွေ့ရှိခဲ့ရသည်။ အဆိုပါသံချက်ဖိုများတည်ရှိရာ မန်ကျည်းတောတွင် နတ်ကွန်းတစ်ခုရှိပြီး သတိုးမင်းခေါင်နတ်ဖြစ်ကြောင်း ရွာရှိ သက်ကြီးများလည်း သံချက်ဖိုများအကြောင်း ရှင်းမပြနိုင်ကြကြောင်း သိရသည်။

သံဘိုချောင်းဖျားကျေးရွာတွင် တိုင်းရင်းဆေးလုပ်ငန်းလုပ်ကိုင်ကြပြီး ပုပ္ပားဒေသထွက် ဆေးမြစ်၊ ဆေးဥမျိုးစုံကြိတ်ကာ တံဆိပ်အမျိုးမျိုးဖြင့် ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာရောက်သည့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများကို တိုင်းရင်းဆေးထုတ်လုပ်ရောင်းချသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်းလည်း သိခဲ့ရသည်။ အခါအခွင့်သင့်ပါက ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာသို့ သွားရောက်လေ့လာသင့်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဦးမျိုးမင်းအောင်က မှတ်ချက်ပြု ပြောကြားသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**



# မိုးဦးပန်းအထွေထွေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်း သမဝါယမအသင်းက ပခုက္ကူဒေသထွက်ပစ္စည်းများ ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပန်းဘဲတန်းမြို့နယ် မိုးဦးပန်းအထွေထွေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်း သမဝါယမအသင်းက တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ ဒေသထွက်ကုန်များကို ရောင်းချပေးလျက်ရှိသည်။

ထိုအသင်းမှ ပခုက္ကူဒေသထွက် ချည်စောင်၊ လက်သုတ်ပဝါ၊ ခြံပဝါအမျိုးမျိုးနှင့် ရှင်မတောင် သနပ်ခါးတုံးများကို ဝယ်ယူ၍ သမဝါယမအသင်းသားပြည်သူများအား ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ် ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၁-၂၀၂၂ ရက်နေ့တွင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် မြို့ ၁၃ မြို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၉**

ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်ပြီးစီးသည့် မြို့နယ်အလိုက် မြို့ ၁၃ မြို့ကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းနှင့် ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံသားတိုင်းကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ နိုင်ငံနှင့်အဝန်း ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ခဲ့ခြင်းကြောင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက် ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ကချင်ပြည်နယ်အတွင်း မြို့ပေါ်ရပ်ကွက်များ၌ တစ်အိမ်တက်ဆင်းဆောင်ရွက်မှုကြောင့် ပြီးစီးပြီဖြစ်သည့် မြို့ ၁၃ မြို့မှ ဝန်ထမ်းများနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများအား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ကျန်ရှိနေသည့် လျာထားချက်များကိုလည်း အချိန်မီပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်အပြင် နိုင်ငံတော်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် e-ID စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊




ယင်းလုပ်ငန်းများသည် မိမိဌာနမှ ဝန်ထမ်းများအပြင် ဆက်စပ်ဌာနများ၊ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများအားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးမှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်ပြည်သူအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ပန်းခင်းစီမံချက် လျာထားချက် ပြီးမြောက်အောင်မြင်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များအားလုံး၌ ဆောင်ရွက်ပြီးဖြစ်သည့် မြို့ ၁၃ မြို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာခရိုင် ဦးစီးမှူးများနှင့် ကာယကံရှင် ပြည်သူများထံ ပေးအပ်ကြသည်။ (ဓာတ်ပုံ)

### ရင်းရင်းနှီးနှီး နှုတ်ဆက်

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ဝိုင်းမော်၊ တနိုင်း၊ ချီဖွေ၊ ဆော့လော်၊ မိုးကောင်း၊ ရွှေကူ၊ မိုးမောက်၊ ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်နှင့် မံစီ စသည့်မြို့နယ် ၁၃ မြို့နယ်၏ မြို့နယ်ရပ်ကွက်များအားလုံး၌ တစ်အိမ်တက်ဆင်းစနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ယခုအခမ်းအနားတွင် အဆိုပါမြို့နယ် ၁၃ မြို့နယ်တို့မှ ဒေသခံပြည်သူများအတွက် အိမ်ထောင်စု လူဦးရေစာရင်း ၅၃၇ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၆၉၄ ကတ် ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားတပ်နယ် ဗလမင်းထင်ခန်းမသို့သွားရောက်၍ မြစ်ကြီးနား မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တပ်နယ်ရှိမိသားစုဝင်များကို ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကွင်းဆင်းဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၉**

ဆင်ပေါင်ဝဲမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက ငွေးတောက်စမ်းကျေးရွာအုပ်စု ငွေးတောက်စမ်းကျေးရွာတွင် ပြုလုပ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဝန်ထမ်းများက နိုင်ငံသားဖြစ်သူတိုင်း မှတ်ပုံတင်ရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ စနစ်တကျ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ထိုသို့ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အိမ်ထောင်စုများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများမရှိသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးခြင်းတို့ကို မြို့နယ်လဝကဦးစီးမှူးရုံးတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။




**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်ရုံများနှင့်စိုက်ကွင်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဇန်နဝါရီ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ ငွေရည်ပုလဲကုမ္ပဏီလီမိတက်၏ Crown ဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး ဘိလပ်မြေထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ပသွင်းကုန် အစားထိုးစက်မှုထုတ်ကုန်ပစ္စည်းများကို အရည်အသွေးကောင်းမွန်ရန် ထုတ်လုပ်မှုအဆင့်တိုင်း၌ အရည်အသွေးအာမခံနိုင်ရေးအတွက် အရည်အသွေးထိန်းသိမ်းသည့် စနစ်များထားရှိ၍ အမြဲမပြတ်စစ်ဆေးရန်၊ ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြစေလိုကြောင်းမှာကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

### ပိုမိုအောင်မြင်ရန် ကြိုးစား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆမ္မဆယ်စိုက်ကွင်းသို့ ရောက်ရှိစစ်ဆေးပြီး မြေလွတ်နေရာလွတ်မကျန်အောင် တိုးချဲ့စိုက်ပျိုးပြီး ယခုထက်ပိုမိုအောင်မြင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အင်းဝိုင်းကျေးရွာအုပ်စုရှိ တစ်နေ့တန် ၄၀၀ ကျ အမှတ်(၂) သကြားစက်(အင်းဝိုင်း)သို့ရောက်ရှိပြီး သကြားထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် အမှတ်(၃) သကြားစက်ရုံစီမံကိန်း (အင်းဝိုင်း) တစ်နေ့လျှင် ကြံတန်ချိန် ၁၂၀၀၀ ကျ သကြားစက်ရုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဆပ်ပြာစက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး ကုန်ထုတ်လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူတို့ကို လိုအပ်သည်များကို မှာကြားသည်။

### တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်

ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ကျောက်ဆည်စက်မှုနယ်မြေ အတွင်းရှိ အမှတ်(၃၃)အကြီးစားစက်ရုံသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ပြည်တွင်း ဘိလပ်မြေလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် စက်မှုဝန်ကြီးဌာနမှ စိန်ရွှေအောင်မြင်ကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် အပ်ချုပ်စက်ရုံ၌ H @ M အမှတ်တံဆိပ် အနွေးဂျာကင်၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်နှင့်အမျိုးသမီးအဝတ်အထည်များ ချုပ်လုပ်နေမှုတို့ကိုလည်းကောင်း၊ Win & Win ကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားသည့် စက်ဘီးစက်ရုံ၌ ဥရောပနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၀၀ သို့ တင်ပို့နေသည့် ဖိနပ်အမျိုးမျိုး ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### လှည့်လည်ကြည့်ရှု

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) သို့ရောက်ရှိပြီး အိမ်သုံးစတီးပစ္စည်းအမျိုးမျိုး၊ ဆေးရုံသုံးပစ္စည်းအမျိုးမျိုးနှင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)



သတင်းစဉ်

# မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော်  ဇန်နဝါရီ ၉**

မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့ Pullman Mandalay Mingalar Hotel သဇင်ခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးတို့က ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ဆောင်ရွက်ပေးမှုကို ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ လုပ်ခလစာငွေ ထုတ်ယူရရှိရေး ကိစ္စရပ်များ၊ စက်ရုံများအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများ ဝယ်ယူနိုင်ရန် ငွေသားထုတ်ယူနိုင်ရေးကိစ္စရပ်များ၊ ဘဏ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုအခက်အခဲများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာအခက်အခဲများ၊ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသော ကိစ္စနှင့်ပတ်သက်၍ သိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာမေးမြန်းခဲ့မှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများနှင့် ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်ပါက ဗဟိုကော်မတီ တယ်လီဖုန်းအမှတ် ၀၆၇ – ၄၀၉၆၇၁၊ ၀၆၇– ၄၀၉၆၇၂ နှင့် လုပ်ငန်းကော်မတီ တယ်လီဖုန်းအမှတ် ၀၉ – ၆၆၄၀၇၅၆၈၃၊ ၀၉ –၆၆၄၅၉၆၃၂၇ များသို့ ဆက်သွယ်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်က နိဂုံးချုပ်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးရှိလုပ်ငန်းရှင်များ၊ စက်ရုံအလုပ်ရုံများနှင့် ကုမ္ပဏီ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

# မန္တလေးလူငယ်လေ့ကျင့်ရေးသင်တန်းကျောင်းတွင် အခြေခံငါးမွေးမြူရေးသင်တန်းဖွင့်လှစ်

**မန္တလေး  ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနတို့ ပူးပေါင်း၍ မန္တလေးလူငယ်လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းသားများ အသက်မွေးဝမ်းကျောင်း အတတ်ပညာရရှိစေရန်နှင့် ကျောင်းသားများ၏ ရိက္ခာဖူလုံစေရန်အတွက် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ အခြေခံငါးမွေးမြူရေးသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဦးယဉ်ထွေးက ကြည့်ရှုပြီး သင်တန်းသားများနှင့်တွေ့ဆုံ၍ ငါးမွေးမြူရေးနည်းပညာများအား ကြိုးစားသင်ယူရေးနှင့် သင်ကြားပို့ချမည့်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

သင်တန်းတွင် စပါးနှင့်ငါးမွေးမြူခြင်း၊ အပင်နှင့်ငါးတွဲဖက်မွေးမြူခြင်း(Aquaponics) ဘာသာရပ်ကို ဦးထင်လင်းအောင်(လက်ထောက်ဦးစီးမှူး)က လည်းကောင်း၊ ငါးအထီး၊ အမ လိင်ခွဲခြားခြင်းနှင့် မျိုးငါးရွေးချယ်ခြင်းဘာသာရပ်ကို ဦးမျိုးခန့်ဇော်(လက်ထောက်ဦးစီးမှူး)က လည်းကောင်း၊ ရွှေဝါငါးကြင်းအား သဘာဝနည်းဖြင့်သားဖောက်ခြင်းနှင့် ငါးဆေးထိုးသားဖေါက်ခြင်း ဘာသာရပ်ကို ဦးထွန်းနောင်ဝင်း(သရက်ကုန်းငါးလုပ်ငန်းစခန်းတာဝန်ခံ)က လည်းကောင်း၊ ငါးမှုန်များအတွက် အရေးပါသော Biofloc မွေးမြူနည်း ဘာသာရပ်ကို ဒေါက်တာဝါဝါဖူး (ဒုတိယဦးစီးမှူး)က လည်းကောင်း၊ ငါးပုစွန်ကျန်းမာရေးနှင့်ရောဂါထိန်းချုပ်ရေး ဘာသာရပ်ကို ဒေါ်ယဉ်မေသန်း (ဒုတိယဦးစီးမှူး)က လည်းကောင်း အသီးသီးသင်ကြားပို့ချပေးခဲ့သည်။ လူငယ်များအနေဖြင့် ငါးမွေးမြူရေးနည်းစနစ်များကို သိရှိနားလည်လာပြီး မိမိတို့ဒေသများတွင် ငါးမွေးမြူရေးနည်းပညာများ ပြန်လည်အသုံးချခြင်းဖြင့် အလုပ်အကိုင်များရရှိနိုင်ပြီး ငါးရိက္ခာများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံရေးနှင့်ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ နယ်မြေတပ်ဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီးအတွင်း အသက် ၈၅ နှစ်အထက် သက်ကြီးအဘိုးအဘွား ဦးရေ ၃၂၀၀၀ ကျော်အား လူမှုရေးပင်စင် ငွေကျပ်သိန်း ၉၀၀၀ ကျော် ထောက်ပံ့ပေး

**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ခြောက်လတာကာလ၌ အသက် (၈၅) နှစ်အထက် အဘိုးအဘွား ၃၂၀၂၈ ဦး အတွက် လူမှုရေးပင်စင် ငွေကျပ်သိန်း ၉၀၀၀ ကျော်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှစတင်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

"လူမှုဘဝ စောင့်ရှောက်ရေး အစီအစဉ်အရ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားတွေအတွက် လစဉ်ထောက်ပံ့နေတာကို မန္တလေးတိုင်းဒေသကြီး အတွင်းမှာလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်း ၂၈ မြို့နယ်ရှိ အဘိုး အဘွား ၃၂၀၂၈ဦး ရှိပါတယ်။ တစ်လတစ်သောင်းနှုန်းနဲ့ သုံးလတစ်ကြိမ်ထောက်ပံ့တာဖြစ်တဲ့အတွက် တစ်ဦးကို သုံးသောင်းနှုန်းရပါတယ်။ သိန်းပေါင်း ကိုးထောင့် ခြောက်ရာရှစ်သိန်း လေးသောင်းဝန်းကျင်ရှိပါတယ်။ လောလောဆယ်ထောက်ပံ့ရမယ့်ငွေပမာဏပါ။ အဘိုးအဘွားတွေကတော့ များလာပါတယ်။ သက်တမ်းလည်း မြင့်လာတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေကလည်း ခေတ်နဲ့အညီ တိုးတက်လာတာတွေရှိတဲ့အခါ ဆုံးပါးတဲ့နှုန်းတွေလည်း လျော့လာတော့ အသက်ကြီးတဲ့ လူဦးရေလည်း တိုးလာပါတယ်" ဟု မန္တလေး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

မန္တလေး တိုင်းဒေသကြီးအတွင်း လူမှုရေးပင်စင်ထောက်ပံ့ပြီးစီးမှုများအနေဖြင့် ၂၄ မြို့နယ်အတွင်း ဆောင်ရွက်ပေးခဲ့ပြီး ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်တို့တွင် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်၏ ပထမသုံးလပတ်အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတို့အတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

"သက်ကြီး ဘိုးဘွားတွေဆိုတာ နိုင်ငံရဲ့အဖိုးတန်တဲ့လူသားအရင်းအမြစ်တွေပါ၊ အဘိုးအဘွားတွေရဲ့ အတွေ့အကြုံတွေယူရတယ်။ အဘိုးအဘွားတွေက အတွေ့အကြုံတွေ လက်ဆင့်ကမ်းပြီး အမွေတွေပေးခဲ့ကြတယ်။ ဒီခေတ်ကြီးမှာ အသက်ရှည်ရှည်နေနိုင်ဖို့ဆိုတာ ကျန်းမာရေးက အစ အဘက်ဘက်ကပြည့်စုံနေမှ အသက်ရှည်ရှည်နေနိုင်ပြီး တိုင်းပြည်အကျိုး၊ ဘာသာအကျိုး၊ သာသနာအကျိုးတွေ ဆောင်ရွက်နိုင်ကြတာကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်ကနေ ထောက်ပံ့ပေးတာပါ။ ဂုဏ်ပြုလိုက်ခြင်းဖြင့် လူမှုရေး၊ ကျန်းမာရေးတွေမှာ အထောက်အပံ့ ဖြစ်သွားသလို ကိုယ်တိုင်လည်း စိတ်ကျေနပ်မှုတွေရကြပါတယ်"ဟု ဦးဇော်မင်းက ဆက်လက်ပြောသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာ ကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသက်(၈၅)နှစ်အထက် အဘိုး ၉၉၀၇ ဦးနှင့် အဘွား ၂၂၁၂၁ ဦးတို့အတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ်သိန်း ၉၀၀၀ ကျော် လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း၊ အဘိုးအဘွားတစ်ဦးလျှင် တစ်နှစ် ထောက်ပံ့ငွေကျပ်တစ်သိန်း နှစ်သောင်းရရှိကြောင်း၊ လူမှုရေး ပင်စင်ငွေများ ထောက်ပံ့ပေးရာတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**

## သံတွဲခရိုင် လူထုအခြေပြု ဗဟိုဌာန၌ အခြေခံဂီတာတီး သင်တန်းဖွင့်လှစ်

**သံတွဲ ဇန်နဝါရီ ၉**

သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာန (Community Centre)၌ အခြေခံဂီတာတီးသင်တန်းကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီမှစတင် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်ရခြင်းမှာ သံတွဲမြို့နယ်ရှိ ရွက်ပုန်းသီးအနုပညာရှင်များ ပေါ်ထွက်လာရေး၊ ဂီတာဝါသနာရှင်များ ဂီတာကိုကျွမ်းကျင်စွာ အခြေခံမှစတင်၍ စနစ်တကျ တီးခတ်နိုင်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Youth Club တို့ ပူးပေါင်း၍ သံတွဲခရိုင်လူထုအခြေပြု ဗဟိုဌာန Art Space ခန်းမတွင် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းကို ဂီတာဝါသနာရှင် အမျိုးသား အမျိုးသမီး စုစုပေါင်း ၂၀ ကို တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက် မွန်းလွဲ ၁ နာရီမှ ညနေ၃နာရီအထိ သုံးလကြာ ဖွင့်လှစ်၍ သင်တန်းဆရာ ကိုချမ်းမြေ့ဟိန်းက အခမဲ့ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ ဆည်ရေသောက်စနစ်ဖြင့် နွေသီးနှံမျိုးစုံ ဧက ၃၇၈၀၀ စိုက်ပျိုးသွားမည်

**ကျောက်ဆည် ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဆည်ရေသောက်စနစ်ဖြင့် နွေသီးနှံမျိုးစုံ ဧက ၃၇၈၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

နွေသီးနှံမျိုးစုံစိုက်ပျိုးရာတွင် ဇော်ဂျီဆည်ရေသောက်စနစ် မင်းရဲ စိုက်ပျိုးရေပေးမြောင်းတွင် ၂၉၃၁ ဧက၊ သင်းတွဲ စိုက်ပျိုးရေပေးမြောင်းတွင် ၆၇၀၇ ဧက၊ ငပြောင် စိုက်ပျိုးရေပေးမြောင်းတွင် ဧက ၃၁၀၀၊ နွားတက် စိုက်ပျိုးရေပေးမြောင်းတွင် ၁၅၀၄၁ ဧက၊ တမုတ် စိုက်ပျိုးရေပေးမြောင်းတွင် ၄၆၁၂ ဧက၊ အထက်လင်းဇင်း စိုက်ပျိုးရေပေးမြောင်းတွင် ဧက ၆၅၀ ၊ ကင်းတား ဆည်ရေသောက်စနစ် သင်းဒီး စိုက်ပျိုးရေပေးမြောင်းတွင် ၄၇၅၉ ဧက စုစုပေါင်း ဧက ၃၇၈၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနွေသီးနှံများ စိုက်ပျိုးရာတွင် သီးနှံများအောင်မြင်သည်အထိ ရေပေးဝေနိုင်ရေးနှင့် ရေအလေအလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ရေပေးဝေရေးမြောင်းများအလိုက် အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေများ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# မင်းလှမြို့နယ် စမ်းအိုင်ကျေးရွာ၌ ဧက ၆၂၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီး

**မင်းလှ ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လယ်ယာထွက်ကုန်များဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်သည့် စမ်းအိုင်ကျေးရွာအုပ်စု စမ်းအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီများ၊ ကျေးရွာ ကော်မတီဝင်များနှင့်အတူ စမ်းအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် လမ်းခံနိုင်ဝန်စစ်ဆေးတိုင်းတာခြင်း California Bearing Ratio(CBR)များပြုလုပ်ခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း ၂ မိုင် အကျယ် ၁၂ ပေ အမြင့် ၉ လက်မ ထု မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၃၇၄၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက နိုဝင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ စမ်းအိုင်ကုန်ထုတ်လမ်းသည် အဆိုပါကျေးရွာရှိ အိမ်ခြေ ၃၈၀ လူဦးရေ ၁၅၃၈ဦးတို့၏ လယ်ယာထုတ်ကုန် ဧက ၆၂၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်ထံမှ သိရသည်။

**စိုးမိုးကျော်**

# နေပြည်တော်၌ နှစ်သစ်ကူးဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဆုပေးပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၉**

နေပြည်တော် ပျဉ်းမနားဂေါက်သီးရိုက်အသင်းက ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း ခန်းမဆောင်၌ ယမန်နေ့ ညနေ ၆ နာရီက ပြုလုပ်ရာ နေပြည်တော် အားကစားနှင့် ကာယ ပညာ ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက Winner ဆု၊ Whole in one ဆုနှင့် ဆုများ အသီးသီး ပေးအပ်ရာ ဆုရရှိသည့် ဂေါက်သီးအားကစားသမားများက အသီးသီး လက်ခံရယူပြီး ဂုဏ်ပြုညစာစားပွဲဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**နေပြည်တော်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၉**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ ဒေသခံပြည်သူ ၁၄၄၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၄၃၂၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၆၈၃ ဦး၊ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၂၁၀ ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါကာကွယ် ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၁၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။




ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပဉ္စမအသုတ် (ပထမအကြိမ်)ထိုးနှံ

**ကျောက်ဖြူ ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ်အထက်ရှိသူများကို ယနေ့ နံနက် ၉ နာရီက ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အဆိုပါ ခိုလှုံရာစခန်းသို့ သွားရောက်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ပဉ္စမအသုတ် (ပထမအကြိမ်) ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ IDPs စခန်းသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် ၎င်း စခန်းမှ စေတနာ့ဝန်ထမ်း လူငယ်များက လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးခြင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေး လာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်းရေးသွင်းကောက်ယူခြင်းများ ဆောင်ရွက်ပြီး ကျောက်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများသာ ကာကွယ်ဆေးများကို ထိုးနှံပေးသည်။



ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေသူ ၁၀၀၈ ဦးရှိပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၆၆၇ ဦး ရှိကာ ပဉ္စမအသုတ် (ပထမအကြိမ်) ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၂၉၈ ဦးရှိ၍ ဆေးထိုးရန်ကျန်ရှိ နေသူများကိုလည်း ဆက်လက်ထိုးနှံပေး လျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

# တိုက်ပွဲရှောင်နေရပ်စွန့်ခွာဒေသခံပြည်သူများကို ငွေနှင့်အခြေခံစားသောက်ကုန်များကူညီပံ့ပိုး

**သီပေါ ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်ဆင်တွန်ဆောက်၊ ကြံခင်း၊ နမ့်အွန်းဝမ်ဆိုင်းနှင့် ပုံဖန်းကျေးရွာများမှ တိုက်ပွဲရှောင်နေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူ အိမ်ထောင်စု ၁၀၂ စု လူဦးရေ ၃၅၈ ဦးတို့ အနေဖြင့် ပေါ်ကြိုဘုရားကြီး ပုရိဝဏ်အတွင်းရှိ ခိုလှုံရေးစခန်းသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိခိုလှုံလျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုက်ပွဲရှောင်ဒေသခံ တိုင်းရင်းသားများကို လူသားချင်းစာနာစိတ်ဖြင့် နယ်စည်းမခြားပရဟိတ ဦးမျိုးမြင့်လွင် ဦးဆောင်သောအဖွဲ့က ဆန်အိတ်များ၊ ဆီ၊ ဆား၊ ကြက်ဥသေတ္တာများ၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့်နှင့် အမျိုးသမီးသုံးပစ္စည်းများကို ပေါ်ကြိုဒေသခိုလှုံရေးစခန်းသို့ သွားရောက်လှူဒါန်းသည်။

ထို့အပြင် စေတနာရှင်သီပေါမှ ဦးစိုင်းကျော်မိုးက ကူညီပံ့ပိုးငွေကျပ်ငါးသိန်းကို လှူဒါန်းပြီး သီပေါမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လှ၊ တပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်နှင့် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၉**

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ဇေယျာမင်္ဂလာ ပရိယတ္တိစာသင်တိုက်၊ မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာရှိ ဘန့်ဘွေးကုန်းကျောင်းတိုက်နှင့် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာရှိ အရှေ့ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နဲ့ကြိုးကျောင်း ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံမှ ပြည်ပသို့ နှစ်စဉ်ပျားရည်တန်ချိန် ၄၀၀၀ ခန့်တင်ပို့လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၉**

တစ်ပိုင်တစ်နိုင် ပျားမွေးမြူခြင်းမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေရရှိလျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဌာနအောက်ရှိ ပျားမွေးမြူရေးဌာနနှင့် တောင်ပေါ်၊ မြေပြန့်ပျားမွေးမြူသူတောင်သူတို့ နှစ်စဉ်ပျားရည်ထုတ်လုပ်မှုမှ ပြည်ပနိုင်ငံများသို့ ပျားရည်တန်ချိန် ၄၀၀၀ ခန့်တင် ပို့လျက်ရှိကြောင်း သိရသည်။




ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝသစ်တောသယံဇာတပေါကြွယ်ဝ၍ ကျန်းမာသော ပျားများစွာကျက်စားမှုဖြင့် အော်ဂဲနစ်ပျားရည် ထုတ်လုပ်ရောင်းချနိုင်သော အလားအလာကောင်းများရှိရာ မြန်မာနိုင်ငံတွင်လည်း ပြည်တွင်းစားသုံးရန် နှစ်စဉ်ပျားရည်တန်ချိန် ၂၀၀၀ ခန့် ထုတ်လုပ်လျက်ရှိပြီး ပြည်ပသို့တန်ချိန် ၄၀၀၀ ခန့်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုးခုရှိ မြို့နယ်ပေါင်း ၃၁ မြို့နယ်မှ ဌာနနှင့် ပုဂ္ဂလိကမွေးမြူသူတို့ နှစ်စဉ်ပျားရည်ထုတ်လုပ်လျက်ရှိရာ ဌာနအနေဖြင့် စိုက်ပျိုးသီးနှံဧက ၁၅ သိန်းအား ဝတ်မှုန်ကူးပြောင်းလဲပေးနိုင်ရေး ကြိုးကြပ်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

"မြန်မာနိုင်ငံကထွက်တဲ့ ပျားရည်ကို နှစ်စဉ်ဝယ်ယူမှာကြားတဲ့ နိုင်ငံတွေရှိပါတယ်။ ပြည်တွင်းမှာလုပ်ငန်းတိုးချဲ့ပြီး လုပ်ဆောင်နိုင်ဖို့တော့ လိုပါတယ်။ များများတိုးချဲ့မွေးပြီး များများပြည်ပပို့နိုင်လေ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေပိုမိုရရှိမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးက ပျားရည်အများဆုံးထွက်ပါတယ်။ မွန်ပြည်နယ်မှာ ရော်ဘာထွက်ရှိတဲ့အတွက် ပျားရည်ထုတ်နေပါပြီ။ ပုဂ္ဂလိကထုတ်လုပ်မှုက ပိုများတဲ့အတွက် ခေတ်မီပျားမွေးမြူရေးပညာကို ပိုမိုလေ့လာခြင်းဟာ ပျားမွေးတောင်သူတွေရဲ့ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ တာဝန်ခံ ဦးကျော်ကျော်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ၁၉၇၉ ခုနှစ်မှစ၍ ပျားမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ပြည်ပသို့ ပျားရည်စတင် ပို့ဆောင်ခဲ့သည်။ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး နေကြာပျားရည်၊ ဆီးပျားရည်နှင့် ပန်းနှမ်းပျားရည်ကို အထူးကြိုက်နှစ်သက်လျက်ရှိကာ ပြည်ပဝယ်လက်အများဆုံး၌ နေကြာပျားရည်မှာ ရောင်းအားအကောင်းဆုံးဖြစ်သည်။ ကမ္ဘာတွင်ပျားရည်အများဆုံးထုတ်လုပ်သော နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံတို့တွင် ဗီယက်နမ်၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့မှ ပျားရည်အများဆုံးထုတ်လုပ်လျက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော မြန်မာနိုင်ငံအနေဖြင့် ပျားရည်ပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပျားမွေးမြူရေးလုပ်ငန်းကို မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့နှင့် တွဲဖက်လုပ်ကိုင်လျက်ရှိပြီး အညာဒေသတွင်ပျော်ဘွယ်နှင့် တောင်ပေါ်ဒေသ၌ မဲဇာတို့တွင် စီးပွားဖြစ်မွေးမြူထုတ်လုပ်လျက်ရှိသည်။ ပန်းပွင့်မှရရှိသည့် ရှုပ်ထွေးသောသကြား (Complex Sugar) အား ပျား၏ အင်ဇိုင်း (Enzyme) အကူအညီဖြင့် ရိုးရှင်းသောသကြား(Simple Sugar) အဖြစ်ပြောင်းလဲ၍ ပျားသလက်များထဲတွင် သိုလှောင်ထားရှိသည့် အချိုရည်ကို ပျားရည်ဟုခေါ်ဆိုခြင်းဖြစ်ပြီး စုပ်ယူရရှိသော ပန်းပွင့်အမျိုးအစားပေါ်မူတည်၍ ပျားရည်၏အနံ့နှင့်အရောင်မှာ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ တောင်ပေါ်နှင့်မြေပြန့်ဒေသတို့မှထွက်ရှိသော မြန်မာ့ပျားရည်ကို တရုတ်နိုင်ငံမှအများဆုံးဝယ် ယူလျက်ရှိကာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ နှစ်စဉ်ပျားရည်တန်ချိန် ၄၀၀၀ ခန့် တင်ပို့လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ-ကနူး**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။








## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။







# (၇၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲသို့ သံဃာ ၁၇၉ ပါး ဝင်ရောက်ဖြေဆို

**ရန်ကုန် ဇန်နဝါရီ ၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၇၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ဇန်နဝါရီ ၅ ရက်မှစတင်ကျင်းပခဲ့ရာ ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းက စာမေးပွဲဖြေဆိုလျက်ရှိကြသော စာဖြေသံဃာများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော နဝကမ္မအလှူတော် ငွေကျပ် ၄၁ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး ၊ ပုစ္ဆက လေးပါး ၊ ကြီးကြပ်လေးပါးနှင့် စာဖြေသံဃာ ၈၂ ပါးတို့အား ဆက်ကပ်လှူဒါန်းသည်။

ယနေ့ကျင်းပသည့် (၇၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲသို့ အဘိဓမ္မာ(နောက်ပိုင်း) ခြောက်ပါး၊ အဘိဓမ္မာ(ရှေ့ပိုင်း)ခြောက်ပါး၊ ဒီဃနိကာယ် ၂၇ ပါး၊ ဝိနည်း(နောက်ပိုင်း) ၅၃ ပါး ၊ ဝိနည်း (ရှေ့ပိုင်း) ၈၇ပါး၊ စုစုပေါင်းစာဖြေ သံဃာ ၁၇၉ ပါး ဝင်ရောက်ဖြေဆိုသည်။ **(ယာပုံ)**

အဆိုပါ (၇၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋက



ကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ကြောင်းသိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဦးဆောင်၍ စစ်တွေပွိုင့်သန့်ရှင်းသာယာလှပစေရေး စုပေါင်းဆောင်ရွက်

**စစ်တွေ ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်ကာ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ပြီး စုပေါင်းအမှိုက်ကောက်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ပွိုင့်ကမ်းခြေ၌ ကျင်းပသည်။



**စုပေါင်းအမှိုက်ကောက်ပွဲ**

စုပေါင်း အမှိုက်ကောက်ပွဲ အခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက မိမိတို့ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရေးအတွက် လူထုလှုပ်ရှားမှု စုပေါင်းအမှိုက်ကောက်ပွဲဆောင်ရွက်ရင်း နောင်မျိုးဆက်များအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကောင်းမွန်သန့်ရှင်းပြီး ရောဂါဘယကင်းဝေးသည့် အနာဂတ်ကို ချန်ထားခဲ့နိုင်ရန် ယခုကဲ့သို့ လှုံ့ဆော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြား၌ ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုနှင့်အတူ သဘာဝသယံဇာတများ လျော့နည်း ဆုံးရှုံးလာခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ လေထုနှင့်ရေထု ညစ်ညမ်းမှုများဖြစ်ပေါ်လာခြင်း စသည့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ထိုကဲ့သို့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများမှာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကလည်း တစ်ခုအပါအဝင်ဖြစ်လာပြီး မိမိတို့၏ကမ္ဘာပေါ်တွင် အလေးထားဖြေရှင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်တစ်ခုဖြစ်လာပါကြောင်း၊ ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ပြီး ကမ်းရိုးတန်း သယံဇာတများဖြစ်သည့် ဒီရေတောများ၊ ကမ်းနီးကမ်းဝေး သန္တာကျောက်တန်းများ၊ ရေနေသတ္တဝါများ လွန်စွာပေါများသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ လူထုစုပေါင်း အမှိုက်ကောက်ပွဲသည် ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းစေသော၊ အဏ္ဏဝါသက်ရှိများ ပျက်စီးစေသော၊ သန္တာကျောက်တန်းများကိုပျက်စီးစေပြီး လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသော တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချခြင်းဖြစ်ပြီး ရေရှည်စဉ်ဆက်မပြတ်သော အခြားနည်းလမ်း(သို့မဟုတ်) ပစ္စည်းများ ရှာဖွေဖော်ထုတ်ခြင်းတို့ကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် အစိုးရ၊ စက်မှုလုပ်ငန်းများ၊ ပြည်သူအစုအဖွဲ့များနှင့် တစ်ဦးချင်းစီကို တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ပိုစတာစိုက်ထူ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် "စိမ်းလန်းသန့်ရှင်းသော အနာဂတ်ဆီသို့" အသိပညာပေး မြေစိုက်ပိုစတာကို စိုက်ထူပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်သည့် စုပေါင်းအဖွဲ့သည် လူထုလှုပ်ရှားမှု တစ်ရပ်အဖြစ် ပွိုင့်ကမ်းခြေမှ စစ်တွေဟိုတယ်ကမ်းခြေအထိ စုပေါင်းအမှိုက်ကောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

❄ *ကျောဖုံးမှ*

အဆိုပါကာကွယ်ဆေးများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိပွန်ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်ဒါရိုက်တာ Mr. MORI Yuji က မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံ နိပွန်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ပြည်သူများထံသို့ လှူဒါန်းထားသည့် Covaxin အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်သန်းကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H.E. Mr. MARUYAMA Ichiro၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ပြည်သူများသို့ လှူဒါန်းသည့် Covaxin အမှတ်တံဆိပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ လွှဲပြောင်းပေးအပ်ပြီးနောက် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

ယနေ့တွင် ရောက်ရှိလာသည့် Covaxin ကာကွယ်ဆေးတစ်သန်းကို ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း (central cold room) တွင် အအေးလမ်းကြောင်းမပျက် သိုလှောင်ထားရှိမည်ဖြစ်သည်။ ကာကွယ်ဆေးလှူဒါန်းမှု၏ ဒုတိယသုတ် Covaxin ကာကွယ်ဆေး Doses တစ်သန်းသည် ဇန်နဝါရီ ၂၃ ရက်တွင် ထပ်မံရောက်ရှိမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ဦးစားပေးအစီအစဉ်အလိုက် ကျေးလက်ဒေသများအထိ အားသွန်ခွန်စိုက် ကျယ်ပြန့်စွာထိုးနှံပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ဇန်နဝါရီ ၈ ရက် အထိ လူဦးရေ ၁၆ ဒသမ ၅၉ သန်းကို နှစ်ကြိမ်အပြည့်ထိုးနှံပေးခဲ့၍ ၄ ဒသမ ၄၂ သန်းကို တစ်ကြိမ်ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်နှင့်အထက်ထိုးနှံပြီးသူ စုစုပေါင်း ၂၁ ဒသမ ဝ၁ သန်းခန့် ရှိပြီဖြစ်သည်။ သို့ဖြစ်ပါ၍ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ ၃၇ ဒသမ ၆သန်း doses ကို ထိုးနှံပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဝယ်ယူခြင်းမှ ၄၄ ဒသမ ၄ သန်း နှင့် လှူဒါန်းမှုမှ ၁၃ ဒသမ ၄၆ သန်းခန့် စုစုပေါင်း ၅၇ ဒသမ ၈၆ သန်းခန့် ရရှိပြီးဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရေး သတ်မှတ်ဦးတည်အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမှုရရှိထားသူများ အနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင်(သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **သတင်းစဉ်**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

◆ ကျောဖုံးမှ

ကီးပက်ဖုန်းတစ်လုံး၊ ဓာတ်ခဲသုံးလုံး၊ ဒီတိုနေတာတစ်ခု၊ အားမြင့်ယမ်းကြိုးတစ်ချောင်းတို့ဖြင့် ချိတ်ဆက်ထားပြီး PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ရိုမှမိုင်းတစ်လုံးကို ထောင်ထားသည်ကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

ထိုကဲ့သို့ မြို့နယ်စည်ပင်ရုံးအား လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံးခဲ့သည့် အကြမ်းဖက်သမားနှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားရှိပြီး ဖြစ်စဉ်တွင် ပူးပေါင်းပတ်သက်သူများကို ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ကာ သေဆုံးသွားသည့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)ကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၉



အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၉ ရက်၌ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီတစ်ခုမှ pai smz tablet အခု ၁၆၀၀၀၊ Pai Piratam Capsule အခု ၁၀၂၀၊ Paitetra Capsule အခု ၂၄၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ဟားလ်ကို အကြိတ်အနယ်ကစားခဲ့ရပြီး အချိန်ပိုသွင်းဂိုးဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည့် အဲဗာတန်

ချန်ပီယံရှစ်ကလပ် ဟားလ်စီးတီးအသင်းနှင့် ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းတို့၏ အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်ကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ဟားလ်အိမ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီး အချိန်ပိုတွင် အဲဗာတန်ကစားသမား တောင်းဆန့်က ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် အဲဗာတန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဟားလ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် ပွဲစသည်နှင့် တစ်ပြိုင်နက် အကြိတ်အနယ်ရှိခဲ့ပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ဦးဆောင်ဂိုးကို ဟားလ်အသင်းက ပွဲချိန်တစ်မိနစ်တွင်ပင်ရရှိခဲ့ပြီး စမစ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် အဲဗာတန်အသင်း ချေပဂိုးရရှိရေးကြိုးစားလာခဲ့ပြီး ပွဲချိန် ၂၁ မိနစ်တွင် ဂရေးက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၃၁ မိနစ်တွင် အဲဗာတန်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဂိုမက်စ်က သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းကို အဲဗာတန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဟားလ်အသင်းကစားအားတက်လာပြီး ပွဲချိန် ၇၁ မိနစ်တွင် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သာမန်ပွဲကစားချိန်ပြည့်သည်အထိ တစ်ဖက် နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုပွဲကစားချိန် ၉၉ မိနစ်အရောက်တွင် အဲဗာတန်အသင်းအတွက် အနိုင်သေချာစေမည့် တတိယမြောက်ဂိုးကို တောင်းဆန့်က သွင်းယူပေးနိုင်ခဲ့သည်။



ဟားလ်အသင်းဘက်သို့ အဲဗာတန်ကစားသမား တောင်းဆန့် ဂိုးသွင်းယူရန်ကြိုးပမ်းစဉ်။

ဟားလ်အသင်းသည် ယခုပွဲစဉ်တွင် ပြိုင်ဘက်အဲဗာတန်အသင်းကို ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းချက်ရှိနေသည့်အတွက် နိုင်ပွဲရလဒ်နှင့်ဝေးကွာခဲ့ပြီး ယခုနှစ်ရာသီ အက်ဖ်အေဖလားပြိုင်ပွဲကို တတိယအဆင့်မှ နှုတ်ဆက်ထွက်ခွာသွားခဲ့ရပြီဖြစ်သည်။

အခြားသော အက်ဖ်အေဖလား တတိယအဆင့် နာမည်ကြီး ပွဲစဉ်ရလဒ်များတွင် လက်စတာက ဝက်ဖို့ဒ်ကို လေးဂိုး-တစ်ဂိုး၊ ဘရိုက်တန်က ဝက်စ်ဘရွန်းကို နှစ်ဂိုး-တစ်ဂိုး၊ ချယ်ဆီးက ချက်စတာဖီးလ်ကို ငါးဂိုး-တစ်ဂိုး၊ ဆောက်သမ်တန်က ဆွမ်ဆီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဘန်လေအသင်းက ဟက်ဒါဖီးလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သလို နယူးကာဆယ်အသင်းကလည်း ကမ်းဘရစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အောင်ဇော်

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း နာမဝိသေသန (Adjectives) ကဏ္ဍအကြောင်း ဆက်ပြီးဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ် နာမဝိသေသန (Adjectives) ကဏ္ဍမှာတော့ အရင်အပတ်က အဆက်ဖြစ်တဲ့ Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန)ရဲ့လေ့ကျင့်ခန်းနဲ့အတူ Demonstrative Adjective (ညွှန်ပြနာမဝိသေသန)နဲ့ Quantitative Adjectives (ပမာဏပြနာမဝိသေသန)တို့ရဲ့ အဓိပ္ပာယ်ရှင်းလင်းချက်များကို လွယ်ကူရိုးရှင်းစွာ ဖော်ပြပေးလိုက်ရုံသာမက ပိုပြီးနားလည်သဘောပေါက်စေရန် နမူနာဝါကျများနဲ့လည်း ရှင်းလင်းဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about health and lifestyle – 1" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်စကားလုံးတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန)**

**Exercise –1**

Put suitable Descriptive Adjectives in the blanks.

e.g. The .............. soldier was awarded a medal.

The *brave* soldier was awarded a medal.

1. He was bitten by .............. snake.
2. Most clocks have .............. faces.
3. I need a .............. knife to cut the meat.
4. Grass is ..............
5. We can't do these sums. They are too ..............
6. You must read this story. It is very ..............
7. They helped the .............. man to cross the road.
8. The .............. driver knocked into a lamp-post.
9. She burnt her fingers on the .............. stove.
10. Linda is .............. because she has won a prize.
11. Alice has .............. hair and .............. eyes.
12. I felt very .............. so I switched on the fan.

**Demonstrative Adjectives (ညွှန်ပြနာမဝိသေသန)**

ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်အရာဖြစ်ကြောင်း ညွှန်ပြပြောဆိုရာတွင်သုံးသော စကားလုံးများကို Demonstrative Adjective (ညွှန်ပြနာမဝိသေသန) ဟုခေါ်သည်။

**Demonstrative Adjectives (ညွှန်ပြနာမဝိသေသန) များ**

- This (ဤ-နည်း)
- That (ထို-နည်း)
- These (ဤ-များ)




- Those (ထို-များ)
- Such (ထိုကဲ့သို့သော-နည်း)
- Such (ထိုကဲ့သို့သော-များ)
- Yon /Yonder (ဟိုမှာ-နည်း)
- Yon/Yonder (ဟိုမှာ-များ)

**Demonstrative Adjectives (ညွှန်ပြနာမဝိသေသန)**

| Singular | Plural |
|---|---|
| this<br>that<br>such<br>yon<br>yonder | these<br>those<br>such<br>yon<br>yonder |

- *This* boy is stronger than Hari.
- Take *this* pencil, leave *that* pen.
- *That* boy is industrious.
- *These* grapes are sweet; *those* mangoes are sour.
- *Those* rascals must be punished.
- Smith is crooked. I hate *such* kind of stupid person.
- They are kind and generous. I like *such* people.
- *Yonder* fort once belonged to Shivaji.
- Don't be in *such* a hurry.
- I hate *such* things.

**Quantitative Adjectives (ပမာဏပြနာမဝိသေသန)**

Quantitative Adjectives (ပမာဏပြနာမဝိသေသန) ဆိုသည်မှာ ရေတွက်မရနာမ်တစ်ခု၏ ပမာဏအတိုင်းအတာကိုဖော်ပြပေးသည့် စကားလုံးများကို ဆိုလိုသည်။

**Quantitative Adjectives (ပမာဏပြနာမဝိသေသန) များ**

- little (ပမာဏနည်းနည်း)
- a little (အနည်းငယ်မျှသောပမာဏ)
- some (အချို့သော)
- no (မရှိသော)
- half (ထက်ဝက်သော)
- whole (တစ်ခုလုံးသော)
- enough (လုံလောက်သော)
- much (ပမာဏများများ)
- a lot of (များပြားလှသောပမာဏ)
- any (တစ်စုံတစ်ခုသော)
- all (အားလုံးသော)
- sufficient (လုံလောက်သော)
- great (လွန်ကဲသော)

## VOCABULARY (ANTONYMS)

clever (တော်သော) ≠ foolish (မိုက်မဲသော)

cloudy (တိမ်ထူသော) ≠ clear (တိမ်ကင်းစင်သော)

coarse (ကြမ်းထော်သော) ≠ fine (နူးညံ့ကောင်းမွန်သော)

cold (အေးသော) ≠ hot (ပူသော)

collect (စုစည်းသည်) ≠ disperse (အဘက်ဘက်သို့ပျံ့နှံ့သွားသည်)

come (လာသည်) ≠ go (သွားသည်)

common (တွေ့နေကျဖြစ်သော) ≠ rare (ရှားပါးသော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about health and lifestyle–1

ဒီတစ်ပတ်မှာတော့ ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘဝနေထိုင်မှုပုံစံနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about health and lifestyle – 1 ဆိုပြီး ဖော်ပြလိုက်ပါတယ်။

*start working out ...*

*I'm (incredibly) out of shape*

*... more and more sedentary ...*

*I'm getting a bit flabby*


Health and lifestyle အကြောင်း မဖော်ပြခင် ဒီမေးခွန်းလေးတွေကို အရင်စဉ်းစားကြည့်ရအောင်။

- Do you work out?
  (လေ့ကျင့်ခန်းလုပ်လား)
- What do you do?
  (ဘာလေ့ကျင့်ခန်းလုပ်လည်း)
- What can you do to avoid being sedentary if you have an office job?
  (ရုံးလုပ်ငန်းရှိလို့ အထိုင်များတာကို ရှောင်ချင်ရင် ဘာလုပ်မလဲ)
- What's the best exercise for someone who's out of shape?
  (ပုံမကျပန်းမကျတဲ့ သူတွေအတွက် အကောင်းဆုံးလေ့ကျင့်ခန်းကဘာလဲ)

၁။ တစ်ခုခု စတင်လုပ်တယ်လို့ပြောချင်ရင် **start** ရဲ့နောက်မှာ **–ing (Gerund)** လိုက်ပြီး ပြောနိုင်ပါတယ်။ ဒီနေရာမှာတော့ ကိုယ်ကာယလေ့ကျင့်ခန်း တစ်ခုခုစလုပ်တာကို start working out နဲ့ ဖော်ပြပေးထားပါတယ်။ ဥပမာ–

- I **started working.**
- It **started raining.**
- I've decided to **start working out.**

၂။ ဒီနေရာမှာ **out of shape** ဆိုတာကတော့ ပုံပျက်ပန်းပျက်ဖြစ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒီနေရာမှာ incredibly နဲ့ပါ တွဲသုံးထားတဲ့အတွက် မယုံနိုင်လောက်အောင် ပုံပျက်ပန်းပျက်ဖြစ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒီလိုမျိုး အပြောမျိုး ကိုယ့်ကိုယ်ကို ပြောတဲ့အခါမှာ သုံးနိုင်ပြီး သူများကို ပြောရင်တော့ နည်းနည်းမယဉ်ကျေးရာကျပါတယ်။




ဥပမာ–

- I'm incredibly **out of shape.**

၃။ **... more and more sedentary ...**ဆိုတာကတော့ ပိုပိုပြီးအထိုင်များလာတယ်လို့ ပြောချင်တာဖြစ်ပါတယ်။ ဘာလေ့ကျင့်ခန်းမှမလုပ်ဘဲ နေတဲ့ ဘဝနေထိုင်မှုကို ဆိုလိုချင်တာဖြစ်ပါတယ်။ ဥပမာ–

- I think my lifestyle has got **more and more sedentary.**

၄။ ဒီနေရာမှာ **I'm getting a bit flabby** ဆိုတာကတော့ တဖြည်းဖြည်းနဲ့ အနည်းငယ် ပျော့တွဲလာတယ်လို့ ပြောချင်တာ ဖြစ်ပါတယ်။ ပုံမှန်လေ့ကျင့်ခန်းတစ်ခုခုမလုပ်တဲ့သူဟာ ကြာလာရင် တဖြည်းဖြည်းနဲ့ ပျော့တွဲလာတဲ့ သဘောပြောချင်ရင်တော့ I'm getting a bit flabby ဆိုပြီး ပြောလိုက်ပါ။

**ဘာသာစကားရှုထောင့်**

1. Do physical training = work out
   (ကိုယ်ကာယလေ့ကျင့်ခန်းလုပ်သည်)
2. Describes a lifestyle without much physical activity = sedentary
   (ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ အထိုင်များသော ဘဝနေထိုင်မှုပုံစံ)
3. Describes a person who is unfit = out of shape or in bad shape
   (ပုံပျက်ပန်းဖြစ်ဖြစ်သော)

**Opposite Words**

unfit (ကျန်းမာကြံ့ခိုင်မှုမရှိသော) ≠ fit (ကျန်းမာကြံ့ခိုင်သော)

out of shape (ပုံပျက်ပန်းပျက်ဖြစ်သော) ≠ in shape (ပုံကျသော)

In bad shape (ပုံမကျပန်းမကျသော) ≠ in good shape (ပုံကျသော)

**Conversation**

**Start working out**

**Jessica:** What's in this box? It's so heavy!

**Owen:** I ordered some kettlebells.

**Jessica:** Kettlebells? What for?

**Owen:** I've decided to **start working out.**

**Jessica:** You? I never imagined you being a fitness enthusiast.

**Owen:** I'm not, but I realized the other day that I'm incredibly **out of shape.** I was running to catch the bus, and I was so out of breath. I didn't even run that far! I think my lifestyle has got **more and more sedentary,** plus I'm getting **a bit flabby.**

**Jessica:** Well, good for you! So, what's your workout routine going to be?

**Owen:** I'm not sure? I want to do a little bit of weight training, and maybe some running, and just get a bit fitter generally. It's difficult at the moment, though. I tried to run 1k yesterday, and I just couldn't.

**Jessica:** Don't give up! Doing anything is better than doing nothing. If you keep trying, it'll get easier. Go for it!

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ပါကစ္စတန်၌ နှင်းမုန်တိုင်းကြောင့် ကားအစီးရေ ၁၀၀၀ ပိတ်မိနေပြီး လူ ၂၂ ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၉**
ပါကစ္စတန်နိုင်ငံမြောက်ပိုင်း အပန်းဖြေမြို့တွင် တစ်ညလုံး နှင်းမုန်တိုင်းကျရောက်ခဲ့၍ ကားများ ပိတ်မိနေပြီး လူပေါင်း ၂၂ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

တောင်တန်းအပန်းဖြေစခန်းမြို့ဖြစ်သည့် မူရီတွင် ဇန်နဝါရီ ၇ ရက်က သောင်တင်နေသည့် မော်တော်ယာဉ်ပေါင်းထောင်နှင့်ချီ၍ရှိသည်။ ကားအိတ်ဇောပိုက်များတွင် နှင်းများဖြင့် ပိတ်ဆို့နေသည့်အတွက် ကာဗွန်မိုနောက်ဆိုက်ကြောင့် အဆိပ်သင့်ကာ လူအများအပြား သေဆုံးရခြင်းဖြစ်သည်ဟု ရဲများက ပြောသည်။

နာမည်ကြီးသည့် အပန်းဖြေစခန်းမှာ ပါကစ္စတန်မြို့တော်မြောက်ပိုင်း ၇၀ ကီလိုမီတာအကွာတွင်ရှိသည်။ အာဏာပိုင်များက သတိပေးထားမှုများ ပြုလုပ်ထားသော်လည်း ထောင်နှင့်ချီသည့်လူများသည် နှင်းဖုံးလွှမ်းသည့်ရှုခင်းကို ကြည့်ရှုလိုသည့်အတွက် စုပြုံရောက်ရှိလာကြသည်။ လူများကို ကယ်တင်မှုပြုလုပ်ရန်အတွက် အစိုးရမှတပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည်။ မော်တော်ကားပေါင်း ၁၀၀၀ မှာ သောင်တင်နေဆဲဖြစ်သည်။

အင်န်အိတ်ချ်ကေ



ဆီးနှင်းများကြောင့် မော်တော်ကားများ ပိတ်မိနေသည်ကို တွေ့ရစဉ်။

# အမေရိကန်၌ ကာကွယ်ဆေးမထိုးရသေးသည့် ကလေးငယ်များ ဆေးရုံတက်ရမှုနှုန်း ပိုမိုများပြား

**ဝါရှင်တန် ဇန်နဝါရီ ၉**
အမေရိကန်၌ အသက် လေးနှစ်အောက် ကလေးငယ်များမှာ ဆေးရုံတက်ရမှုနှုန်း ပိုမိုများပြားလျက်ရှိသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ) ကပြောသည်။

အဆိုပါ အသက်အုပ်စုမှာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရန် ခွင့်ပြုချက် မရသေးချေ။ ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး ဆေးရုံတက်ရသည့် ကလေးဦးရေမှာ အမြင့်ဆုံးဖြစ်နေသည်ဟု စီဒီစီမှ ညွှန်ကြားရေးမှူး ရိုရှဲလ်ဝေလ်လန်စကီး ဇန်နဝါရီ ၆ ရက်တွင် ပြောသည်။

ဇန်နဝါရီ ၁ ရက်မှစတင်ကာ လေးနှစ်အောက်ကလေး ၁၀၀၀၀၀ တွင် ဆေးရုံတက်ရမှုနှုန်းမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ယင်းပမာဏမှာ လွန်ခဲ့သည့် သီတင်းပတ်ကနှင့် နှိုင်းယှဉ်လျှင် ၂ ဒသမ ၆ ရာခိုင်နှုန်းမှာ သိသိသာသာတိုးလာခြင်းဖြစ်သည်ဟု စီဒီစီ၏ အချက်အလက်များအရ သိရသည်။

ကလေးငယ်များကို ဗိုင်းရပ်စ်မှအကာအကွယ်ပေးရန်အကောင်းဆုံးလက်နက်မှာ ကာကွယ်ဆေးထိုးခြင်းပင်ဖြစ်သည်ဟု ဝေလ်လန်စကီးက ပြောသည်။

ကာကွယ်ဆေး ထိုးနိုင်သည့် အသက်အပိုင်းအခြား ရှိပြီဖြစ်သော ကလေးများကို ကာကွယ်ဆေးထိုးပေးကြရန် မိဘများကို တိုက်တွန်းလျက်ရှိသည်။

ကာကွယ်ဆေးထိုးခွင့် မရှိသေးသည့် ကလေးများကို အကာအကွယ်ပေးရန်မှာ ဘေးနားတွင် ကာကွယ်ဆေးထိုးပြီးသားသူများက ဝန်းရံနေရန်ပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



လော့စ်အိန်ဂျလိစ်မြို့ ကလေးဆေးရုံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

အမေရိကန်၌ လူဦးရေ၏ ၆၂ ဒသမ ၅ ရာခိုင်နှုန်းသာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အပြည့်ထိုးရသေးသည်။ ယင်းအရေအတွက်မှာ အခြားသောဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နည်းပါးသည့်ပမာဏဖြစ်သည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူဦးရေမှာ ၃၆ ရာခိုင်နှုန်းသာရှိသည်။ ကိုယ်ခံစွမ်းအားချို့ယွင်းချက်ရှိသည့် အသက် ငါးနှစ်မှ ၁၁ ကြားကလေးများကို တတိယအကြိမ် ကာကွယ်ဆေးထိုးပေးမှုများ စတင်နေပြီဖြစ်သည်။

အင်န်အိတ်ချ်ကေ

# အီရန်နိုင်ငံအနောက်ပိုင်း၌ လောင်စာတင်ကား ပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံး

**တီဟီရန် ဇန်နဝါရီ ၉**
အီရန်နိုင်ငံအနောက်ပိုင်း ဆာနန်ဒတ်ဂျ်မြို့တွင် လောင်စာဆီတင်ဆောင်လာသည့်ကား ပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးခဲ့သည်ဟု သိရသည်။

ဟိုစိန်နဘတ်ဒေသတွင် ဇန်နဝါရီ ၈ ရက်က လောင်စာတင်ကား မှောက်ခဲ့ပြီး ယာဉ်မောင်းမှာ မီးလောင်သေဆုံးသွားခဲ့သည်ဟု သိရသည်။ ကားမှောက်မှုဖြစ်ပွားအပြီး လောင်စာဆီများမှာ ဟိုစိန်နဘတ်ဒေသရှိ ကျေးရွာသို့ စီးဆင်းသွားခဲ့သည်။

အဆိုပါကျေးရွာတွင်လည်း မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျေးရွာသားနှစ်ဦးမှာ သေဆုံးခဲ့ရသည်ဟု ယာဉ်ထိန်းရဲအရာရှိဖြစ်သူ အီဆာ ဂိုဟာရီက ပြောသည်။ ယာဉ်မောင်းမှာ မော်တော်ယာဉ်ကို ထိန်းချုပ်နိုင်စွမ်းမရှိတော့သည့်အတွက် တိမ်းမှောက်ခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါအရာရှိက ပြောသည်။

ဆင်ဟွာ

# ဆီးရီးယားမှ လွှဲပြောင်းပေးသည့် အိုင်အက်စ် အကျဉ်းသား ၅၀ ကို အီရတ်နိုင်ငံ လက်ခံရရှိ

**ဘဂ္ဂဒက် ဇန်နဝါရီ ၉**
ဆီးရီးယားနိုင်ငံ၌ အစောပိုင်းက ဖမ်းဆီးမိခဲ့သော အီရတ်အိုင်အက်စ် အကျဉ်းသား ၅၀ ကို ဇန်နဝါရီ ၈ ရက်က အီရတ်နိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့သည်ဟု သိရသည်။

အကျဉ်းသားလဲလှယ်မှုကို အီရတ်နိုင်ငံမြောက်ပိုင်း နန်နဘတ်ပြည်နယ် ရာဘီရာနယ်စပ်ဖြတ်သန်းရေးဂိတ်တွင် ပြုလုပ်ခဲ့ပြီး အီရတ်ပူးတွဲစစ်ဆင်ရေးကွပ်ကဲရေးမှူးရုံး၏ ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အီရတ်ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ထောက်လှမ်းရေးနှင့် စုံစမ်းစစ်ဆေးရေးအေဂျင်စီက အဆိုပါအကျဉ်းသားများကို လက်ခံခဲ့ပြီး တရားဝင်အရေးယူမှုများ ပြုလုပ်မည်ဟုလည်း ပြောသည်။ ဆင်ဟွာ

# ဘရာဇီးနိုင်ငံ၌ ကျောက်သားနံရံပြိုကျမှုကြောင့် ခုနစ်ဦးထက်မနည်း သေဆုံး

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၉**
ဘရားဇီးနိုင်ငံ၌ ဇန်နဝါရီ ၈ ရက်က ရှုခင်းကြည့်လှေပေါ်သို့ ကျောက်သားအစွန်အဖျားမှ ကျောက်သားနံရံပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး လူသုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

မီနာဂျေ်ရိုက်စ်ပြည်နယ်ရှိ ဖားနက်စ်ရေကန်ရှိ ရေတံခွန်အောက်တွင် လှေလေးစင်းရှိနေစဉ် ကျောက်သားနံရံပြိုကျမှုဖြစ်ပွားခဲ့ပြီး လူ ၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု မီးသတ်အရာရှိများက ပြောသည်။

ကျောက်သားနံရံပြိုကျမှုမဖြစ်ပွားမီ လူများက ခရီးသည်များကို ဘေးလွတ်ရာသို့ ဖယ်ရှားကြရန် ကြောက်လန့်တကြားအော်ဟစ်နေကြပုံကို ဗီဒီယိုဖိုင်တွင် တွေ့မြင်ရသည်။ ရေတံခွန်ကြည့်ရန် လှေဖြင့်ခရီးထွက်ခြင်းမှာ ရှုခင်းကြည့်သူအများအပြားအတွက် ဆွဲဆောင်မှုတစ်ရပ် ဖြစ်နေသည်။

အဆိုပါဒေသတွင် မကြာသေးမီအချိန်အတွင်းကမှ မိုးသည်းထန်စွာ ရွာသွန်းမှု ဖြစ်ပွားထားရာ သဘာဝဘေးအန္တရာယ်ဖြစ်လာနိုင်သည်ဟု ဒေသခံအာဏာပိုင်များက သတိပေးထားသည်။

အင်န်အိတ်ချ်ကေ

ရေကန်အတွင်း ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။



# ကမ္ဘာအနှံ့ ကိုဗစ်-၁၉ ကူးစက်ခံရသူ သန်း ၃၀၀ ကျော်လွန်လာမှုနှင့်အတူ အိုမီခရွန်၏ခြိမ်းခြောက်မှု

နှင်းမိုးအိမ်

ဇန်နဝါရီ ၇ ရက်တွင် တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်မှာ သန်း ၃၀၀ ကျော်လွန်သွားပြီဖြစ်သည်။

**စံချိန်တင်မြင့်မား**

ပြီးခဲ့သည့်သီတင်းပတ်များအတွင်း အချို့သောနိုင်ငံများတွင် ကိုဗစ်-၁၉ ဗီဇပြောင်း အိုမီခရွန်ကူးစက်မှုကြောင့် နေ့စဉ် ကူးစက်ခံရမှုနှုန်းမှာလည်း စံချိန်တင်မြင့်မားလျက်ရှိသည်။ ပြီးခဲ့သည့် တစ်ပတ်တာကာလအတွင်း နိုင်ငံပေါင်း ၃၄ နိုင်ငံတွင် ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ အများဆုံး နေ့စဉ်ကူးစက်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသည်။ ထိုနိုင်ငံများတွင် ဥရောပမှ ၁၈ နိုင်ငံနှင့် အာဖရိကမှ ခုနစ်နိုင်ငံတို့ ပါဝင်သည်ဟု အေအက်ဖ်ပီကကောက်ယူထားသည့် တရားဝင်အချက်အလက်များအရ သိရသည်။

**ရောဂါလက္ခဏာပြင်းထန်မှုနည်းပါး**

ယခင်ဗီဇပြောင်းများထက်ပို၍ ကူးစက်မှုလျင်မြန်သည့် အိုမီခရွန်သည် ယခင် ဗီဇပြောင်းများနှင့် နှိုင်းယှဉ်ပါက ရောဂါလက္ခဏာပြင်းထန်မှု နည်းပါးသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၃ ဒသမ ၅ သန်းကျော်လာပြီး ယခင် ခုနစ်ရက်နှင့် နှိုင်းယှဉ်လျှင် ၆၄ ရာခိုင်နှုန်းများပြားသည်ဟု သိရသည်။ တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူအရေအတွက်မှာမူ သုံးရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အိုမီခရွန်ကြောင့် ဆေးရုံတက်ရမှုနှုန်းမှာ ၇၀ ရာခိုင်နှုန်း လျော့ကျသည်ဟု ပြင်သစ်ပြည်သူ့ကျန်းမာရေးအာဏာပိုင်အဖွဲ့က ပြောသည်။

**ကူးစက်မှုအရေအတွက်များပြားလာ**

အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့် အစ္စရေးနိုင်ငံတို့မှ အချက်အလက်များကိုကောက်ယူကာ ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း တစ်ကမ္ဘာလုံးအနှံ့ ပျမ်းမျှအားဖြင့် နေ့စဉ်ကူးစက်မှုပေါင်း နှစ်သန်းကို ထောက်လှမ်းတွေ့ရှိနေရသည်။ ကူးစက်မှုအရေအတွက်များလာသည့်အတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှုစနစ်ကို ဝန်ပိလာစေနိုင်သည်ဟုလည်း ကျွမ်းကျင်သူများက သတိပေးထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန် ဂီဘရီယက်ဆုကလည်း အိုမီခရွန်ကို ရောဂါလက္ခဏာအပျော့စားသာပြသည်ဟု မသတ်မှတ်ထားသင့်ကြောင်း၊ အိုမီခရွန်ကူးစက်မှုကြောင့် ဆေးရုံတက်ရမှုများရှိကာ လူသေဆုံးမှုများလည်းရှိကြောင်း ပြောသည်။

**လျင်လျင်မြန်မြန်ပျံ့နှံ့သွား**

အိုမီခရွန်ကူးစက်မှုမှာ ဆူနာမီလှိုင်းကဲ့သို့ပင် ကူးစက်မှုကြီးမားပြီး လျင်လျင်မြန်မြန် ပျံ့နှံ့သွားကြောင်းနှင့် ယင်းအချက်ကြောင့်ပင် တစ်ကမ္ဘာလုံးရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဝန်ပိစေမည်ဟု ပြောသည်။

**တွန်းအားပေးလာရ**

လွန်ခဲ့သည့် ခြောက်ပတ်ခန့်က အိုမီခရွန်ကူးစက်မှုစတင်သည့်အချိန်မှစကာ နိုင်ငံအများအပြားတွင် ကာကွယ်ဆေး ထပ်မံထိုးကြရန် တွန်းအားပေးလာရသည်။ အချို့သောနိုင်ငံများတွင်မူ ကန့်သတ်ချက်များ ပြန်လည်ချမှတ်လာရသည်။ ဂျာမနီဝန်ကြီးချုပ် အိုလတ်ဖ်ရှို့ဇ်ကမူ တိုင်းပြည်အတွင်း စားသောက်ဆိုင်များနှင့် အရက်ဘားများတွင် ဧည့်သည်လက်ခံပါက ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသည်ဖြစ်စေ၊ ရောဂါကူးစက်ခံရပြီးနောက် မကြာသေးမီအချိန်အတွင်းကမှ ပြန်လည်နာလန်ထလာသူဖြစ်စေ ကိုဗစ်-၁၉ ကင်းစင်ကြောင်း လက်မှတ်ပြသရန်လိုအပ်သည်ဟု ပြောကြားခဲ့သည်။

**ခြွင်းချက်ပေးသွားမည်**

သို့သော်လည်း တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူများ အနေဖြင့်ယင်းသို့ ဆေးစစ်ချက်လက်မှတ်ပြသစရာမလိုဘဲ ခြွင်းချက်ပေးသွားမည်ဟု သိရသည်။ အိမ်နီးချင်း ဩစတြီးယားနိုင်ငံတွင်လည်း ဝန်ကြီးချုပ် ကားလ်နီးဟမ်မားမှာ ကိုဗစ် -၁၉ ကူးစက်ခံထားရသည်။ ၎င်း၏ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး မစိုးရိမ်ကြရန်နှင့် ကာကွယ်ဆေးထိုးမှုများကို ဆက်လက်ပြုလုပ်သွားရန် ဩစတြီးယားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။



ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

❖ **အမေရိကန်ပြည်ထောင်စုတွင် နေ့စဉ်ကူးစက်မှုများမှာ စံချိန်တင်မြင့်မားလျက်ရှိပြီး အပတ်စဉ် ကူးစက်မှုနှုန်းများမှာလည်း တစ်စတစ်စ များပြားလာသည်ကို တွေ့မြင်နေရသည်။ ပြင်သစ်နိုင်ငံတွင်လည်း ကာကွယ်ဆေးမထိုးရသေးသူများကို ကာကွယ်ဆေးလာမထိုးမချင်း အပြစ်တင်ကြရန်၊ စိတ်ဆိုးဒေါသထွက်ကြရန် အငြင်းပွားဖွယ် မှတ်ချက်စကား ထွက်ပေါ်လျက်ရှိပြီး ယင်းစကားဘက်မှ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ထောက်ခံခဲ့သည်။**

**အခွင့်အရေးကိုချိုးဖောက်ရာရောက်**

အမေရိကန်ပြည်ထောင်စုတွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးကြရန် အမိန့်ထုတ်ပြန်မှုအတွက် စိန်ခေါ်မှုများကို နိုင်ငံတော်အထူးတရားရုံးတွင် ဇန်နဝါရီ ၇ ရက်က ကြားနာမှု ပြုလုပ်ခဲ့သည်။

လူဦးရေ ၁၀၀ ခန့်ထားသော လုပ်ငန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြရန် လိုအပ်ပြီး ယင်းကဲ့သို့အမိန့်ထုတ်ပြန်မှုမှာ လူတစ်ဦးချင်းစီ၏အခွင့်အရေးကို ချိုးဖောက်ရာရောက်ပြီး အစိုးရ၏ အာဏာကို အလွဲသုံးစားပြုခြင်းပင်ဖြစ်သည်ဟု ရီပက်ဘလစ်ကန် လွှတ်တော်အမတ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက တိုက်ခိုက်ကြသည်။

**ထောက်ခံခဲ့**

အမေရိကန်ပြည်ထောင်စုတွင် နေ့စဉ်ကူးစက်မှုများမှာ စံချိန်တင်မြင့်မားလျက်ရှိပြီး အပတ်စဉ်ကူးစက်မှုနှုန်းများမှာလည်း တစ်စတစ်စ များပြားလာသည်ကို တွေ့မြင်နေရသည်။ ပြင်သစ်နိုင်ငံတွင်လည်း ကာကွယ်ဆေးမထိုးရသေးသူများကို ကာကွယ်ဆေးလာမထိုးမချင်း အပြစ်တင်ကြရန်၊ စိတ်ဆိုးဒေါသထွက်ကြရန် အငြင်းပွားဖွယ် မှတ်ချက်စကား ထွက်ပေါ်လျက်ရှိပြီး ယင်းစကားဘက်မှ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ထောက်ခံခဲ့သည်။

**အဓိကအကြောင်းအရာဖြစ်နေ**

ယင်းမှတ်ချက်စကားနှင့်ပတ်သက်၍ ပြည်သူများ စိတ်ပျက်စရာကောင်းနိုင်သော်လည်း ယင်းစကားဘက်မှ အပြည့်အဝထောက်ခံကြောင်းနှင့် ယခုကဲ့သို့အခြေအနေမျိုးတွင် ရှိနေရခြင်းကို စိတ်ပျက်မိကြောင်း ၎င်းကဆက်ပြောသည်။ အမျိုးသား ကမ္ဘာ့အဆင့်တစ်တင်းနစ်ချန်ပီယံတစ်ဦးဖြစ်သူ နိုဗက်ဂျိုကိုဗစ်မှာ ယခုအခါ အငြင်းပွားမှုများ၏ အဓိကအကြောင်းအရာ ဖြစ်နေသည်။

**စိုးရိမ်ထိတ်လန့်လျက်ရှိ**

၎င်းမှာ ကာကွယ်ဆေးထိုးပြီးမပြီး ထုတ်ဖော်ပြောကြားခြင်းမရှိသည့်အတွက် ဩစတြေးလျအစိုးရက ၎င်းကို ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့သည်။ ဂျိုကိုဗစ်ကမူ ၎င်းဘက်ကရပ်တည်ပေးကြသော တစ်ကမ္ဘာလုံးမှ ထောက်ခံသူများကို ကျေးဇူးတင်ကြောင်း ပြောသည်။ အိန္ဒိယနိုင်ငံတွင်လည်း အိုမီခရွန်ကူးစက်မှုမှာ မြင့်မားလျက်ရှိပြီး လွန်ခဲ့သည့်နှစ် ကပ်ရောဂါကြောင့် အမှောင်ဆုံးနေ့ရက်များဆီ ပြန်သွားရမည်ကို စိုးရိမ်ထိတ်လန့်လျက်ရှိသည်။

**ကိုးကား-အေအက်ဖ်ပီ**

# ဇန်နဝါရီ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၉၁ ရှိ

(၉–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၇) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၅) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၃၁,၇၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၂,၀၆၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၀,၁၂၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၉၁) ဦး** ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၈–၁–၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၁,၀၁၇,၀၂၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၆,၅၉၃,၄၄၀) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၄၂၃,၅၈၆) ဦး ရှိပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၈–၁–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၇,၆၁၀,၄၆၆) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၉–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၇၀) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၈) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၇) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁) ခု | (၅) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၇) ခု | |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၉၅) ခု | (၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၉၁၁) ခု | (၁၀၃) ဦး |
| စုစုပေါင်း | (၈,၈၂၂) ခု | (၁၃၇) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၈–၁–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၄၂၃,၅၈၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၆,၅၉၃,၄၄၀) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၁,၀၁၇,၀၂၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၃၇,၆၁၀,၄၆၆)ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်–၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများ အနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၉-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၀၉၅၄၀၂၈ | ၄၂၂၁၁၇၃ | ၈၅၉၀၄၆ |
| ၂။ | အိန္ဒိယ | ၃၅၅၂၈၀၀၄ | ၃၄၄၅၃၆၀၃ | ၄၈၃၇၉၀ |
| ၃။ | ဘရာဇီး | ၂၂၄၉၉၅၂၅ | ၂၁၆၂၆၈၃၆ | ၆၁၉၉၈၁ |
| ၄။ | ဗြိတိန် | ၁၄၃၃၃၇၉၄ | ၁၀၇၂၂၃၄၂ | ၁၅၀၀၅၇ |
| ၅။ | ပြင်သစ် | ၁၁၈၁၅၁၂၁ | ၈၅၀၀၅၀၁ | ၁၂၅၃၄၈ |
| ၆။ | ရုရှား | ၁၀၆၅၀၈၄၉ | ၉၆၈၆၉၁၂ | ၃၁၆၁၆၃ |
| ၇။ | တူရကီ | ၉၉၁၆၇၂၅ | ၉၂၈၁၄၅၈ | ၈၃၅၂၉ |
| ၈။ | ဂျာမနီ | ၇၅၁၀၁၈၅ | ၆၇၁၃၁၀၀ | ၁၁၄၆၇၄ |
| ၉။ | အီတလီ | ၇၂၈၁၂၉၇ | ၅၃၂၃၅၂၃ | ၁၃၈၈၈၁ |
| ၁၀။ | စပိန် | ၇၁၆၄၉၀၆ | ၅၁၄၅၈၈၀ | ၈၉၉၃၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၉– ၁ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၆၁၉၅ | ၄၁၁၅၉၅၈ | ၁၄၄၁၂၉ |
| ဖိလစ်ပိုင် | ၂၉၆၅၄၄၇ | ၂၇၈၅၁၈၃ | ၅၂၁၅၀ |
| မလေးရှား | ၂၇၈၃၃၃၁ | ၂၇၁၁၉၀၀ | ၃၁၆၅၅ |
| ထိုင်း | ၂၂၆၉၅၅၀ | ၂၁၉၃၈၆၇ | ၂၁၈၂၅ |
| ဗီယက်နမ် | ၁၈၇၆၃၉၄ | ၁၄၈၈၀၃၈ | ၃၄၁၁၇ |
| မြန်မာ | ၅၃၂၀၆၂ | ၅၁၀၁၂၈ | ၁၉၂၉၁ |
| စင်ကာပူ | ၂၈၄၈၀၂ | ၂၇၈၄၃၃ | ၈၃၇ |
| ကမ္ဘောဒီးယား | ၁၂၀၆၂၁ | ၁၁၇၀၁၄ | ၃၀၁၅ |
| လာအို | ၁၁၈၈၈၀ | ၁၁၁၃၅၅ | ၄၃၇ |
| ဘရူနိုင်း | ၁၅၆၃၄ | ၁၅၃၅၆ | ၉၈ |

# အမျိုးသားစာပေဆု၊ တစ်သက်တာဆုရှင် (စာရေးဆရာ)ဆုရ ဆရာဖိုးကျော့၏ စာပေအနုပညာရှင်ဘဝ

**ကြည်ကြည်ဝင်း(စာပေဗိမာန်)**

> ❍ **ရာဇဌာနီဝတ္ထုတွင် ဒုတိယကမ္ဘာစစ်ဒဏ်ကို မြန်မာပြည်အနောက်ဘက်ရှိ ရခိုင်ပြည်နယ်မှ ပြည်သူများလည်း အလူးအလဲခံစားခဲ့ကြရပုံ၊ စစ်ဘေးသင့် ရခိုင်ပြည်သူအများအပြားသည် တစ်ဖက်နိုင်ငံ အင်္ဂလိပ်ပိုင်နက် အိန္ဒိယသို့စစ်ရှောင်ကြပုံ၊ အချို့သည် အိန္ဒိယနိုင်ငံ အာသံပြည်နယ် ပန်းဝါမြို့ ရာဇဌာနီဒေသရှိ အမျိုးများရှိရာသို့ တိမ်းရှောင်ခဲ့ရပုံ၊ ပထမအင်္ဂလိပ် - မြန်မာစစ်ပွဲဖြစ်ပွားရာ ရှင်မဖြူကျွန်းအနီးရှိ ရာဇဌာနီသည် အိန္ဒိယနိုင်ငံပိုင်နက်ဖြစ်သော်လည်း ရခိုင်လူမျိုးအများအပြား အခြေစိုက်နေထိုင်ကြပြီး စစ်သူကြီးမဟာဗန္ဓုလနှင့် ဆက်စပ်သော မှူးမတ်၊ မြို့ဝန်နှင့် မြန်မာအရာရှိများလည်း ရှိကြပုံကို ရေးသားထားပါသည်**

*(ယမန်နေ့မှ အဆက်)*

အင်တွဲပွဲလျက်အရာထွက် ဝတ္ထုတွင် မြန်မာနိုင်ငံအနောက်ပိုင်း ကသာခရိုင်သည် သစ်တောထွက်သယံဇာတ အများဆုံးထွက်ရာ ဒေသဖြစ်ပြီး အင်တွဲနှင့် ပွဲလျက်ကဲ့သို့သော အရာများလည်း အများအပြားထွက်ရှိကြောင်း၊ ဒေသခံများသည် တောင်ယာလုပ်ငန်းသိမ်းသော နွေရာသီရောက်လျှင် တောထဲ တောင်ထဲတွင် အင်တွဲ၊ ပွဲလျက် အရာထွက်ကြပုံ၊ မြိုးမြိုးမြက်မြက်ရသော အင်တွဲ၊ ပွဲလျက်များကို သက်စွန့် ဆံဖျားရှာဖွေကြရာတွင် တစ်ခါတစ်ရံ တောတောင်စည်းကမ်းများကို ချိုးဖောက်မိသဖြင့် တောခြောက်ခြင်းများနှင့် တွေ့ကြုံကြရပုံ၊ တောတောင်အတွင်း သားရဲတိရစ္ဆာန်တို့၏အန္တရာယ်နှင့် ကြုံတွေ့ရင်ဆိုင်ကြရပုံ၊ အင်တွဲ၊ ပွဲလျက်အပြင် ရှားပါးသော ကျားရိုး၊ ကျားစွယ်၊ ကျားသားရေ၊ ကျားနို့များပါရတတ်ကြောင်း၊ စခန်းသိမ်း၍ ရွာအပြန်တွင် အောင်ပွဲရ စစ်သူကြီးများပမာ စိတ်ခတ်တက်ကြွလျက်ရှိနေတတ်ကြပုံအကြောင်း ရေးသားထားပါသည်။

မြန်မာ့မုဆိုးဝတ္ထုတွင် နာမည်ကျော်မုဆိုးကြီး ဦးဘာမျိုးနှင့် သားနှစ်ယောက်ဖြစ်ကြသော ဘာဟိုး၊ ဘာမိုးတို့၏ တောတွင်းအမဲလိုက်အတွေ့အကြုံများ၊ ရေမုဆိုးမိကျောင်း၊ တောမုဆိုးကျားတို့နှင့် ရင်ဆိုင်ခဲ့ရပုံများ၊ ဖြူကောင်၊ ဖွတ်၊ သင်းခွေချပ် စသည့်တောသတ္တဝါတို့၏ တောတွင်းနေထိုင်ပုံဓလေ့များ၊ နွေရာသီရေခန်းသွားချိန်တွင် ရေများရာကန်သို့ ခုန်ကူးတတ်သော ငါးရံ့များအကြောင်း၊ အဆိုပါငါးရံ့များကို လူနှင့်တောတိရစ္ဆာန်များ အလုအယက်ကောက်ယူကြပုံများအကြောင်း ရေးသားထားပါသည်။

ရာဇဌာနီဝတ္ထုတွင် ဒုတိယကမ္ဘာစစ်ဒဏ်ကို မြန်မာပြည်အနောက်ဘက်ရှိ ရခိုင်ပြည်နယ်မှ ပြည်သူများလည်း အလူးအလဲခံစားခဲ့ကြရပုံ၊ စစ်ဘေးသင့် ရခိုင်ပြည်သူအများအပြားသည် တစ်ဖက်နိုင်ငံ အင်္ဂလိပ်ပိုင်နက် အိန္ဒိယသို့စစ်ရှောင်ကြပုံ၊ အချို့သည် အိန္ဒိယနိုင်ငံ အာသံပြည်နယ် ပန်းဝါမြို့ ရာဇဌာနီဒေသရှိ အမျိုးများရှိရာသို့ တိမ်းရှောင်ခဲ့ရပုံ၊ ပထမအင်္ဂလိပ် – မြန်မာစစ်ပွဲဖြစ်ပွားရာ ရှင်မဖြူကျွန်းအနီးရှိ ရာဇဌာနီသည် အိန္ဒိယနိုင်ငံပိုင်နက်ဖြစ်သော်လည်း ရခိုင်လူမျိုးအများအပြား အခြေစိုက်နေထိုင်ကြပြီး စစ်သူကြီးမဟာဗန္ဓုလနှင့် ဆက်စပ်သော မှူးမတ်၊ မြို့ဝန်နှင့် မြန်မာအရာရှိများလည်း ရှိကြပုံကို ရေးသားထားပါသည်။

ဆရာကြီး၏ ထင်ရှားသောဝတ္ထုဖြစ်သည့် ရွှေပြည်ရခိုင်ဝတ္ထုသည် ၂၀၀၇ခုနှစ် ဇူလိုင်လမှ ၂၀၀၉ ခုနှစ် မေလအထိ သူရဋ္ဌ မဂ္ဂဇင်းတွင် အခန်းဆက်အဖြစ် သုံးနှစ်တိုင် ရေးသားခဲ့သော ဝတ္ထုဖြစ်ပါသည်။ ဆရာကြီးသည် ရွှေပြည်ရခိုင်စာအုပ်ကို ကျမ်းကိုးအထောက်အထားစုံလင်စွာ၊ သမိုင်းဆိုင်ရာ အကိုးအကားအထောက်အထားများစုံလင်စွာ၊ လေ့လာစူးစမ်းမှုများစွာတို့ဖြင့် ရေးသားခဲ့ပါသည်။ ယင်းစာအုပ်ကို ရေးသားရာတွင် ဆရာကြီးဖိုးကျော့သည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် အရေးပိုင်အဖြစ် အချိန်ကြာမြင့်စွာ နေထိုင်သွားခဲ့သော အင်္ဂလိပ်လူမျိုး စာရေးဆရာကြီး မောရစ်ကောလစ်၏ အင်္ဂလိပ်ဘာသာဖြင့် မှတ်တမ်းတင်ချက်များကို ဆရာဦးလှဒင် မြန်မာပြန်ထားသော ရတနာရွှေမြေစာအုပ်မှလည်း ကိုးကားထားသည်။

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းသည့်အပြစ်
ချစ်သည့်အမျိုး
ကြိုးသည့် လုံ့လ
မြတ်စာဂနှင့်
(ဗုဒ္ဓဝင် လင်္ကာမှ)

ဆိုသည့်အတိုင်း ဆရာကြီးသည် ရခိုင်အမျိုးသားတစ်ဦးပီသစွာ ရခိုင်လူမျိုးတို့၏ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်နေထိုင်ခဲ့ကြပြီး နယ်ပယ်ချင်းထိစပ်သော ဒေသများသာမက တိုင်းတစ်ပါးသားများကပါ လေးလေးစားစားဆက်ဆံကြရသော ဂုဏ်ဒြပ်တို့ကို ရွှေပြည်ရခိုင်ဝတ္ထုတွင် မိမိကျွမ်းကျင်ပိုင်နိုင်သော ကလောင်စွမ်းဖြင့် ဖော်ထုတ်ခဲ့သည်။ အဆိုပါဝတ္ထုတွင် အေဒီ (၁၆) ရာစုခန့်က စည်ပင်ဝပြောခဲ့သော ရခိုင်တို့၏ မြောက်ဦးခေတ် တစ်နည်းအားဖြင့် သမိုင်းသုတေသီများက တင်စားကြသည့် ရွှေရောင်လွှမ်းသော ခေတ်အကြောင်း ရေးသားထားသည်။ မြောက်ဦးမြို့တော်ကို မြောက်ဦးခေတ် မင်း (၁၂) ဆက်မြောက် မင်းဗာကြီး (၈၉၃–၉၁၅)နှင့် နန်းတက်မိဖုရား စောမင်းလှတို့က မြန်မာနှစ် ၈၉၃ ခုတွင် နက္ခတ်(၁၄)လုံး၊ စိတြနက္ခတ်နှင့် ယှဉ်လျက်တည်ထောင်သည်။ မြို့တံတိုင်း၊ တန်ဆောင်း၊ ပြအိုး၊ ပစ္စင်၊ ရင်တား၊ တံခါး၊ ရေကျုံး၊ ညွှန်ကျုံး၊ ကျုံးခြောက် စသည်အားဖြင့် တံတိုင်းအထပ်ထပ်သုံးဆင့်ရှိသောမြို့ဖြစ်သည် စသည်ဖြင့် ရေးသားထားသည်။

ဆက်လက်၍ တံတိုင်းအကြောင်း







ရေးသားရာတွင် အောက်ဆုံးအဆင့်မှ အမြင့်ဆုံးအဆင့်ထိ ပေ ၅၀ ခန့်ရှိသည်။ တတိယဆင့်၏အတိုင်းအတာမှာ တောင်မှ မြောက်သို့ ၁၆၀၆ ပေ၊ အရှေ့မှ အနောက်သို့ ပေ ၁၇၄၀ ရှိသည်။ တံတိုင်းများ၏ အောက်ခြေတွင် ခုနစ်ပေထုရှိ၍ အထက်တွင် လေးပေထုရှိသည်။ ပထမတံတိုင်းနှင့် ဒုတိယတံတိုင်း အကွာအဝေးမှာ ပေ ၁၄၀ ရှိ၍ ဒုတိယတံတိုင်းနှင့် တတိယတံတိုင်း၏ အကွာအဝေးမှာ ၂၃၇ ပေရှိပြီး အပေါ်ဆုံးအဆင့် နန်းရင်ပြင်၏ အကျယ်အဝန်းမှာ ၆၅၆ ပေဖြစ်သည်။ အရှေ့ဘက် တတိယအဆင့်တံခါးမှ ဒုတိယအဆင့်တံခါးအထိ ၂၆၇ ပေ၊ ဒုတိယအဆင့်မှ ပထမအဆင့်တံခါးသို့ ပေ ၄၄၀ ကွာဝေးသည် စသည်ဖြင့် ခမ်းနားသော မြို့ရိုးတံတိုင်းအကြောင်း ပေါ်လွင်အောင် စာပန်းချီရေးသီထားသည်။ ထို့နောက် မြောက်ဦးခေတ်ကို မင်းဗာကြီး ခရစ်နှစ် (၁၅၃၁– ၁၅၅၃)၊ မင်းဖလောင်း (၁၅၇၁–၁၅၉၃)နှင့် မင်းရာဇာကြီး (၁၅၉၃– ၁၆၁၂) တို့က တည်ထောင်ခဲ့ကြကြောင်း၊ မင်းရာဇာကြီးလက်ထက်တွင် ရခိုင်တို့၏ဩဇာသည် အကျယ်ပြန့်ဆုံးသို့ ရောက်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ရခိုင်စာဆိုဖဒူမင်းညိုက “ချေဟောက်သံကြား၊ ကျားက လန့်ရှောင်၊ ကြောင်မူပြေးထွက်၊ ကြွက်ကားလိုက်လေ၊ မြွေကိုဖားနိုင်၊ တရင်းဆိုင်လျက်၊ ရခိုင်ညွန့်ဖူး၊ ရွှေမြောက်ဦးကို၊ နတ်မှူးညွှန်ပြ၊ နန်းရာရသည်၊ ဘူမိနက်သန်၊ ထူးတည့်လေ” ဟု ချေင်းဖြင့် စပ်ဆိုခဲ့ကြောင်း ရေးသားထားသည်။

ရွှေပြည်ရခိုင်ဝတ္ထုတွင် ဒုတိယ မြောက်ဦးခေတ် (အေဒီ ၁၅၃၁– ၁၆၃၈) ကာလအတွင်း မင်းရဲကျော်ထင် အမည်ရှိသော တောင်ငူမင်း သီဟသူသည် နောင်တော် ဟံသာဝတီ ပဲခူးမင်း နန္ဒဘုရင်ကိုလုပ်ကြံလို၍ လက်ဆောင်ပဏ္ဏာအများအပြားနှင့်အတူ ရခိုင်ဘုရင်မင်းရာဇာကြီးထံစေလွှတ်ပြီး စစ်ကူတောင်းခဲ့ပုံ၊ ရခိုင်ဘုရင်မင်းရာဇာကြီးသည် ပဲခူးဟံသာဝတီကို သိမ်းယူခဲ့ပြီးနောက် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တို ခေါ် ငဇင်ကာအား သန်လျင်ဆိပ်ကမ်းမြို့၌ အစောင့်အရှောက်အဖြစ် အကြီးအမှူးခန့်ထားခဲ့ပုံ၊ ထိုစဉ်က ခေတ်ပြိုင်ဘုရင်မင်းဧကရာဇ်တို့၏ နယ်ပယ်ချဲ့ထွင်လိုခြင်း၊ ဘုန်းတန်ခိုးဩဇာအာဏာများ ပြိုင်ဆိုင်လိုခြင်းတို့ကြောင့် ဘုရင့်နောင်မင်းတရားကြီး တည်ထောင်ခဲ့သော အာရှတိုက်တောင်ပိုင်း၏ အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး မင်းနေပြည်တော် ဟံသာဝတီကို ရခိုင်မင်း၊ တောင်ငူမင်းနှင့် ယိုးဒယားမင်းတို့၏ သုံးပွင့်ဆိုင် တိုက်ခိုက်ခြင်းခံရသောကြောင့် ၁၆၀၀ ပြည့်နှစ်တွင် ပျက်စီးခဲ့ရပုံ၊ ၁၅ ရာစုလောက်ကပင် ရခိုင်တို့ထံတွင် မဟာမိတ်အဖြစ်၊ အမှုထမ်းအဖြစ် ဆက်ဆံခဲ့ကြသော ပေါ်တူဂီတို့အနက် ပေါ်တူဂီစွန့်စားရေးသမားအချို့သည် ၁၆ ရာစုအကုန်၊ ၁၇ ရာစုအစပိုင်းတွင် ရခိုင်တို့အပေါ်၌ သစ္စာဖောက်လာကြသောကြောင့် ပေါ်တူဂီနှင့် ရခိုင်တို့ စစ်မက်ဖြစ်ပွားခဲ့ကြပုံ စသည်တို့အပြင် သီရိသုဓမ္မာရာဇာမင်းနှင့် မိဖုရားသီရိသုဒေဝီခေါ် နတ်ရှင်မယ်တို့၏ အကြောင်းများ၊ ထိုကာလ၌ မြောက်ဦးတွင်ဖြစ်ပျက်ခဲ့သော ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး အကြောင်းအရာများ၊ ရခိုင်တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများနှင့် ရခိုင်တို့၏ နောက်ခံသမိုင်းကြောင်းများအကြောင်း စေ့စေ့စုံစုံ ရေးသားထားရာ နောင်လာနောက်သားများအတွက် သမိုင်းအမွေအနှစ် စာအုပ်တစ်အုပ်အဖြစ် ကျန်ရှိမည်ဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် ရေးသားခဲ့သော ရွှံ့ပင်လယ်ကိုဖြတ်၍ မီးပင်လယ်ကို ကျော်ခဲ့ကြသူများဝတ္ထုတွင် ဆရာကြီးတို့၏ ရခိုင်ဒေသ မာန်အောင်ကျွန်း၊ ရမ်းဗြဲကျွန်းတို့သည် မီးတောင်ပေါက်ကွဲမှု မကြာမကြာ ဖြစ်ပွားတတ်ကြောင်း၊ ဆရာကြီး၏ ဘိုးဘေးဘီဘင်များ၏ ပြောစကားများအရ ၁၈၂၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရမ်းဗြဲကျွန်းအနီးတွင် အပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှုကို ကြုံတွေ့ခဲ့ရကြောင်း၊ ရခိုင်တို့က နဂါးတောင်ဟုခေါ်သော မီးတောင်ကြီးသည် လအနည်းငယ်ကပင် ချော်ရည်ပူများ မှုတ်ထုတ်ခြင်း၊ မြည်ဟည်းသံများကြားရခြင်း၊ ပြာပူများ ပျံ့လွင့်နေခြင်း စသည့် ရှေ့ပြေးနိမိတ်များ ပြခဲ့သော်လည်း ဒေသခံများက အမှတ်တမဲ့ပင် နေထိုင်ခဲ့သဖြင့် မီးတောင်ကြီး ပေါက်ကွဲချိန်တွင် ရှောင်တိမ်းချိန်မရလိုက်ဘဲ သေကျေပျက်စီးမှု များပြားခဲ့ရကြောင်းများကို ရေးသားထားသည့် ဝတ္ထုဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော ရမ္မာဝတီကမ်းခြေဝတ္ထုသည် ဆရာကြီး နေထိုင်ကြီးပြင်းခဲ့ရာ မြန်မာနိုင်ငံ အနောက်ဘက်အစွန်ဆုံး ဘင်္ဂလားပင်လယ်အော်ကြီးနှင့်နီးသော ချောင်းဝရွာနှင့် အနီးတစ်ဝိုက်ရှိ ရမ္မာဝတီကမ်းခြေမှ ဒုတိယကမ္ဘာစစ်အတွင်း ဖြစ်ရပ်မှန်များအကြောင်း အခြေပြုရေးသားထားသည်။ မြန်မာနိုင်ငံရှိ ပြည်သူများသည် ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်၊ ပြည်တွင်းသောင်းကျန်းသူများ၏ ရောင်စုံသူပုန်ခေတ်စသည့် ခေတ်အခြေအနေအမျိုးမျိုး၏ဒဏ်ကို ရင်ဆိုင်ခဲ့ရကြောင်း သမိုင်းစာမျက်နှာများတွင် မှတ်တမ်းတင်ကျန်ရစ်ခဲ့သော်လည်း ဆရာကြီးဖိုးကျော့တို့၏ ရခိုင်ပြည်နယ် ရမ္မာဝတီကမ်းခြေဒေသတွင် ဖက်ဆစ်ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းမှု၊ နယ်ချဲ့အင်္ဂလိပ်တို့၏ အနိုင်ကျင့်စိုးမိုးမှု၊ ပြည်တွင်းသောင်းကျန်းသူအဖွဲ့မျိုးစုံ၏ မတရားသဖြင့် ဗိုလ်ကျမှုဒဏ်များကို ရခိုင်တိုင်းရင်းသားများ ရင်ဆိုင်ကြုံတွေ့ရပုံများ၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

သမိုင်းမတင်ခဲ့သော်လည်း သမိုင်းကြောင်းရှိခဲ့ပုံများကို ဆရာကြီးသည် ၎င်းကျွမ်းကျင်သော ကလောင်စွမ်းဖြင့် စာဖတ်သူများအား သိရှိစေခဲ့ပါသည်။

**ရရှိခဲ့သော စာပေဆုများ**

ဆရာကြီးဖိုးကျော့အား ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ပေးအပ်ချီးမြှင့်ရန် သတင်းထုတ်ပြန်သောအခါ တွေ့ဆုံမေးမြန်းသူတို့အား ဆရာကြီးက "တစ်သက်တာစာပေဆုရတဲ့အတွက် ဝမ်းသာပါတယ်။ စာတွေရေးလာခဲ့တာ အခု အသက် ၇၉ နှစ်မှာ တစ်သက်တာ စာပေဆုရတယ်။ တစ်သက်တာ စာပေဆုကတော့ စာပေကို တကယ်ချစ်မြတ်နိုးပြီး စာပေကို တစိုက်မတ်မတ် ဘဝတစ်လျှောက်လုံး ရေးသားလာတဲ့သူတွေအနေနဲ့ အသက်ကြီးလာရင် ရကြမှာပါ။ စာပေနဲ့ပတ်သက်ပြီး ဖြတ်သန်းခဲ့ရတာတွေကတော့ အများကြီးပါ၊ အတွေ့အကြုံတွေလည်း အများကြီးပဲ။ ၁၉၆၅ ခုနှစ်လောက်ကစပြီး စာပေလောကထဲကို ဝင်ရောက်ခဲ့တာပါ။ မြဝတီမဂ္ဂဇင်းမှာ ဆင်မာန်နဲ့ ၄က်ဥဏ် အခန်းဆက်ဝတ္ထုတိုကို စတင်ရေးသားခဲ့တယ်။ အရင်ခေတ်က စာမူပို့ရင် စာတိုက်ကနေပို့ရတာပါ။ ၁၉၇၂ ခုနှစ်မှာ အောင်ပွဲသို့ချီရာဝယ်စာအုပ်နဲ့ အမျိုးသားစာပေဆုတစ်ကြိမ်ရဖူးတယ်။ စာပေဗိမာန်ဆုကတော့ ငါးကြိမ်လောက်ရဖူးတယ်။ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၆၊ ၁၉၉၉ ခုနှစ်တွေမှာ ဝတ္ထုတို၊ ဝတ္ထုရှည် စာပေဗိမာန်ဆု ငါးကြိမ်လောက် ရဖူးပါတယ်။ ဆင်လိုက်ခြင်းဝတ္ထုဆိုရင် ၁၉၆၈ ခုနှစ်ကနေ ၁၉၈၀ ပြည့်နှစ်အထိ အလယ်တန်းမြန်မာစကားပြေ လက်ရွေးစင်မှာ ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်း ခံခဲ့ရပါတယ်။ ဆရာ့စာအုပ် နတ်မလိုက်သောနေ့ဝတ္ထုကို ဂျပန်နိုင်ငံ အိုဆာကာ တက္ကသိုလ်က ပါမောက္ခ ဒေါက်တာအိုနိုတိုရီက ဂျပန်ဘာသာပြန်ပြီး ဂျပန်နိုင်ငံမှာပဲ ထုတ်ဝေခဲ့ပါတယ်။ အချို့ဝတ္ထုတွေကို ဗီယက်နမ်နိုင်ငံမှာလည်း ဗီယက်နမ်ဘာသာနဲ့ ထုတ်ဝေခဲ့တာတွေရှိပါတယ်။ အခုဆိုရင် စာရေးသက်ကလည်း နှစ် ၅၀ ကျော်ပါပြီ။ လက်ရှိအချိန်အထိ ရေးသားလာခဲ့တဲ့ လုံးချင်းစာအုပ်ပေါင်း ၅၉ အုပ်ရှိပြီး ဝတ္ထုတိုကတော့ ၃၀၀ ကျော်လောက်ရှိပါတယ်။ လက်ရှိမှာတော့ မဂ္ဂဇင်းတွေမှာ အခန်းဆက်တွေ ရေးနေပါတယ်။ စာရေးဖို့ ဝါသနာပါသူတွေအတွက် စာများများဖတ်ပြီး စာများများရေးစေချင်ပါတယ်။ ဆရာတို့လည်း ဒီလိုပဲ များများဖတ် များများရေးခဲ့ရတာပါ။ လူငယ်တွေကို စာများများ ဖတ်စေချင်တယ်၊ အခု စာပေလောကနဲ့ ပတ်သက်ပြီး ပြောနေကြတာက ရသစာပေတွေ အဖတ်နည်းလာတယ်ပေါ့၊ ဘယ်လိုပဲ ပြောပြောပါ သုတပဲဖြစ်ဖြစ်၊ ရသပဲ ဖြစ်ဖြစ် ပေးဆပ်နိုင်တဲ့ စာကောင်းပေမွန်တွေကတော့ သေသွားတယ်ဆိုတာ မရှိပါဘူး၊ ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာကြီးမြသန်းတင့်တို့ စာအုပ်တွေဆိုရင်လည်း အခုထိ ထုတ်နေကြတုန်းပဲ။ စာပေဟာ အတိုင်းအတာတစ်ခုအထိ ကောင်းဖို့လိုတယ်။ အဲဒါဆိုရင် ကိုယ့်ရဲ့စာပေဟာ သေသွားတယ်ဆိုတာ မရှိဘူး။ ဒါကြောင့် လူငယ်တွေ စာကောင်းပေမွန်တွေဖတ်ပြီး စာကောင်းပေမွန်တွေ ရေးသားဖို့တိုက်တွန်းချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ဆရာကြီးဖိုးကျော့၏ ဆင်ဝတ္ထု ၁၅ ပုဒ်ကို စုစည်းထားသည့် ဆင်သေကုန်းနှင့် အခြားဝတ္ထုတိုများ စာအုပ် ထွက်ရှိခဲ့သည်။

**အနုစိတ်ခြယ်မှုန်းရေးဖွဲ့**

ဝတ္ထုတိုများတွင် ကာလဒေသနောက်ခံသည် အရေးပါလှရာ ဆရာကြီးဖိုးကျော့သည် ကာလဒေသနောက်ခံကို သေချာကျနစွာ ခင်းကျင်းထားပါသည်။ အချို့ဝတ္ထုများတွင် ဇာတ်လမ်းဇာတ်ကွက် ပေါ်စေရန်၊ ဇာတ်လမ်းကို ရွေ့လျားစေရန်၊ ဇာတ်ဆောင်စရိုက် ပီပြင်၍ သဘာဝကျလာစေရန်၊ ကာလဒေသနောက်ခံအဖွဲ့များကို အနုစိတ်ခြယ်မှုန်းရေးဖွဲ့လေ့ရှိပါသည်။ လူတန်းစားသရုပ်ဖော်၊ ဘဝသရုပ်ဖော်ဝတ္ထုများ အများအပြားရေးဖွဲ့သည့် ဆရာကြီးဖိုးကျော့၏ ဝတ္ထုတိုများတွင်လည်း ဇာတ်လမ်း၊ ဇာတ်ဆောင်တို့နှင့် ဆီလျော်အောင် ကာလဒေသနောက်ခံအဖွဲ့များကို အံဝင်ခွင်ကျ ထည့်သွင်းရေးဖွဲ့ထားပါသည်။ ထို့ပြင် ဒေသဝန်းကျင်၊ လူမှုစီးပွားဝန်းကျင်များကိုလည်း ပေါ်လွင်အောင် ရေးဖွဲ့လေ့ရှိပါသည်။

၂၀၁၈ ခုနှစ်တွင် မြေဆီမည်းမည်း သွေးရဲရဲစာအုပ်ဖြင့် မဲခေါင်စာပေ ဆုရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်ကပင် ထုတ်ဝေခဲ့သော ယင်းဝတ္ထု၌ ကျောက်ဖြူမြို့နှင့် ရမ်းဗြဲကျွန်းဒေသကြားရှိ ရခိုင်တိုင်းရင်းသားများနေထိုင်ရာ ရွာကလေးများသည် မြေအောက် သယံဇာတများဖြစ်သော ရေနံကို မိမိတို့ ရွာပတ်ဝန်းကျင်တွင် လိုသလောက် ခပ်ယူသုံးစွဲနေကြရာမှ အင်္ဂလိပ်တို့၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရသဖြင့် နောက်ပိုင်းတွင် အင်္ဂလိပ် ရေနံလုပ်ငန်းရှင်ကြီးများ၏ ခေတ်မီရေနံတူးစက်များဖြင့် တူးဖော်မှုကြောင့် တိုင်းရင်းသားတို့မှာ မိမိမြေမှထွက်သော ရေနံကို အင်္ဂလိပ်တို့ထံမှ အခကြေးငွေပေးကာ ပြန်လည်ဝယ်ယူသုံးစွဲနေရသည်မှ အစပြုကာ တိုင်းရင်းသားတို့၏ ပုန်ကန်ထကြွလာမှု စတင်လာခဲ့ကြောင်း ရေးသားထားပါသည်။ ယင်းစာအုပ်ကို ထိုင်းနိုင်ငံရှိ တက္ကသိုလ်တစ်ခုတွင် အင်္ဂလိပ်ဘာသာပြဆရာအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသော ရခိုင်အမျိုးသား ဦးစံရွှေဘော်က ငယ်စဉ်ကပင် ကြိုက်နှစ်သက်၍ ဝယ်ယူထားပြီး ဘာသာပြန်ထားသော်လည်း

**ဆရာ ဖိုးကျော့၏ ဆုရစာအုပ်များ**




၁၉၉၉ ခုနှစ်၊ စာပေဗိမာန် စာမူဆုပြိုင်ပွဲ ဝတ္ထုရှည်တတိယဆုရ




အမျိုးသားစာပေဆု ၁၉၇၂ ခုနှစ်၊ ဝတ္ထုပေါင်းချုပ်ဆု




၁၉ – စာပေဗိမာန်စာမူဆုရ




၁၉၉၃ ခုနှစ်၊ စာပေဗိမာန်ဝတ္ထုရှည် ဒုတိယဆုရ

အကြောင်း မတိုက်ဆိုင်သေးသဖြင့် အင်္ဂလိပ်ဘာသာပြန်အနေဖြင့် ပေါ်ထွက်ခြင်း မရှိခဲ့ပါ။ ထို့နောက် မြန်မာပြည်သို့ လာရောက်ချိန်တွင် စာပေတိုက်နှင့် ဆက်သွယ်ကာ ထုတ်ဝေခြင်းဖြစ်ပြီး မဲခေါင်စာပေဆုသို့တင်ရာ ဆရာကြီးဖိုးကျော့သည် မဲခေါင်စာပေဆု ချီးမြှင့်ခံရခြင်း ဖြစ်သည်။

**ရေးသားခဲ့သော မဂ္ဂဇင်းများ**

ဆရာကြီးဖိုးကျော့ ပါဝင်ရေးသားခဲ့သော မဂ္ဂဇင်းများမှာ ကလျာမဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ ဂန္ထဝင်မဂ္ဂဇင်း၊ ဂျီအီးစီ ရသစုံ မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ စံပယ်ဖြူမဂ္ဂဇင်း၊ စံပယ်ဦးမဂ္ဂဇင်း၊ စန္ဒာမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ နှင်းဆီမဂ္ဂဇင်း၊ ပို့ဆောင်ရေးမဂ္ဂဇင်း၊ ပန်မဂ္ဂဇင်း၊ မိုးဝေမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ မြို့တော်မဂ္ဂဇင်း၊ မြတ်လေးမဂ္ဂဇင်း၊ ရတနာသစ်မဂ္ဂဇင်း၊ ရာစုမဂ္ဂဇင်း၊ ရွက်နုဝေမဂ္ဂဇင်း၊ လုံမလေးမဂ္ဂဇင်း၊ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ သဘင်မဂ္ဂဇင်း၊ သရဖူမဂ္ဂဇင်း၊ သူရဇ္ဇမဂ္ဂဇင်း၊ သည်းထိတ်ရင်ဖို မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ အကောက်ခွန် နှစ်လည်မဂ္ဂဇင်းတို့ဖြစ်ပါသည်။

**ထုတ်ဝေပြီးသော စာအုပ်များ**

ဆရာကြီးဖိုးကျော့၏ ထုတ်ဝေပြီးသော စာအုပ်များမှာ ပင်လယ်ကျား၊ အဏ္ဏဝါမီးစုန်းများနှင့် အခြားဝတ္ထုတိုများ၊ လောဘမြစ်ပင်လယ်၊ မြန်မာ့မုဆိုး၊ သေရွာပြန်တို့၏ အဏ္ဏဝါခရီး၊ ရာဇဌာနီ၊ အတောင် မကျိုးမချင်း ပျံသန်းခဲ့သော ပျံလွှား၊ မြန်မာပြည်မြောက်ဖျားမှနဂါးမီးတောက်နှင့် ထူးဆန်းအံ့ဖွယ် မုဆိုးဘဝဖြစ်ရပ်မှန်များ၊ ဆင်သင်္ချိုင်းရှာပုံတော်နှင့် အခြားဝတ္ထုတိုများ၊ မီးလောင်မြေ၊ လွင့်မျောနေသော ဒြပ်စင်များနှင့် အခြားဝတ္ထုတိုများ၊ ကန္တာရမုဆိုးနှင့် ဂမ္ဘီရမြို့တော်၊ မိုးကောင်းကင်၏ အချစ်အဓွှတ္တနှင့် အခြားဝတ္ထုတိုများ၊ လူသားစားမိကျောင်းနှင့်မုဆိုးတိုက်ပွဲ၊ အလွမ်းကန္တာတောကန္တာ၊ ခပ်သိမ်းသောမြစ်တို့ကဲ့သို့၊ ပုလဲနက်ဝက်ပါ၊ ဆင်မိုးလုံးနှင့် နောက်ဆုံးအဖြေ၊ သမုဒယဉ်ပြင်လယ်၊ မြေဆီမည်းမည်းသွေးရဲရဲ၊ နတ်စောင့်များနှင့်သားရဲတို့ရွာ၊ လွန်လေပြီးသောအခါ၊ လမိုင်းတိုက်ကျား (ရှားပါးမုဆိုးဝတ္ထုတိုများ)၊ အောင်ပွဲသို့ချီရာဝယ်(အမျိုးသားစာပေဆုရ-၁၉၇၂)၊ မာယာမင်းသမီး၊ အင်တွဲပွဲလျက် အရှာထွက်၊ ကျွန်တော်တို့လူ၊ ကမ္ဘဇိဒ္ဓိနှင့် အခြားဝတ္ထုတိုများ၊ ရေခဲပြင်ပေါ်ကတောင်နဂါးကြီးနှင့် ရှားပါးမုဆိုးဝတ္ထုတိုများ၊ ဟိမဝန္တာကလာသူ၊ အလွမ်းနှင့်သာနေတော့မည်၊ ဧကရာဇ်တို့၏ တောတွင်းတိုက်ပွဲ၊ ဆောင်းရက်ရှည်တဲ့နွေဒေသ၊ မဟာလီဒို၊ မမြင်သာသော ကြမ္မာရိုင်းနှင့် အခြားဝတ္ထုတိုများ၊ သံချပ်ဝတ် နယ်စားကြီး၊ ကျားနာမျက်ကန်းနှင့် အဏ္ဏဝါမုဆိုး(စာရေးဆရာသန်းဆွေသစ်နှင့်တွဲလျက်)၊ ဟူးကောင်းကျား၊ ဟူးကောင်းတောင်ကြား၊ ဝမ်းရေးထက်ပင် ခက်ပါသည်၊ လက်မည်းကြီးနှင့် ရွှေကိုကိုင်၊ ဆင်သေကုန်း၊ ဂမ္ဘီရဉ်ပြင်လယ်၊ ဂမ္ဘီရမဟာဂနိုင်၊ ရမ္မာဝတီကမ်းခြေ၊ ဝက်နာသူရဲကြီး ကျားကိုစီးနန်းရပ်ထီးဖြူ လုယူမယ်မြင်သည်၊ ဆင်လုပ်သား၊ သူ့သမိုင်းကိုယ့်သမိုင်း နိုင်ငံသမိုင်း၊ ရွှေပြည်ရခိုင်၊ ငါတို့အနောက်တံခါး စသည်တို့ဖြစ်ကြသည်။

ဆရာကြီး၏ ထင်ရှားကျော်ကြားသော ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို စာပေတိုက်များက ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည်။

ဆရာကြီးသည် ဂမ္ဘီရဝတ္ထုများကိုမူ ဝေယံလင်းခေါင် ကလောင်အမည်ဖြင့် ရေးသားပါသည်။

ဆရာကြီးဖိုးကျော့သည် စာပေနယ်ထဲသို့ စတင်ဝင်ရောက်ခဲ့သည့် ၁၉၆၅ ခုနှစ်မှ ယနေ့အချိန်အထိ စာရေးသက်တစ်လျှောက်တွင် ဗဟုသုတစာပေများ၊ မုဆိုးနှင့်ဆိုင်သော အတွေ့အကြုံ ဗဟုသုတစာပေများကို ရေးသားပြုစုခဲ့ပါသည်။ တောတွင်းနေ တိရစ္ဆာန်တို့နှင့် ပတ်သက်သည့်စာပေများကို ထွန်းပေါက်စွာ ရေးသားခဲ့သော ဆရာဖိုးကျော့၏ စာပေလက်ရာများကို ဖတ်ရှုရသည့် စာဖတ်ပရိသတ်အဖို့ များစွာအကျိုးရှိပါသည်။ ဗဟုသုတများစွာ ရရှိပါသည်။ ပင်ကိုရေးဝတ္ထုတို ၃၀၀ ကျော်၊ ဝတ္ထုရှည်လုံးချင်း အုပ် ၇၀ ခန့်ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၈၂ ခုနှစ်တွင် ဒေါ်ကြူကြူဝင်းနှင့် အိမ်ထောင်ပြုခဲ့ပြီး သားသမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ ဆရာကြီးသည် မိသားစုနှင့်အတူ တိုက် (၂၂)၊ ပုလဲဂေဟာလမ်း၊ (၃) ရပ်ကွက်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်တွင် နေထိုင်လျက်ရှိပါသည်။

ယခုအခါတွင် ဆရာကြီးသည် ပဋ္ဌာနိကာယနိကာယ် သာသနာတော်ထွန်းကားရေးအသင်း (ရန်ကင်း) တွင် သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

ကျွန်မသည် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးဖိုးကျော့၏ စာပေအနုပညာခရီးအကြောင်း ရေးသားရန် တာဝန်ပေးချက်အရ ဆရာကြီးနှင့် မိသားစုနေထိုင်ရာ အိမ်သို့သွားကာ သိလိုသည်များကို မေးမြန်းခဲ့ပါသည်။ ဆရာကြီးသည် အသက် ၈၀ ကျော်လွန်လာပြီဖြစ်သော်လည်း စာပေများကို ဆက်လက်ရေးသားနိုင်လျက်ရှိပါသည်။ ဆရာကြီး သက်ရှည်ကျန်းမာစွာဖြင့် စာပေများကို ဆက်လက်ရေးသားနိုင်ပါစေကြောင်း စာပေဗိမာန် စာတည်းအဖွဲ့ကိုယ်စား ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ။

**ကိုးကား**

- ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆု လက်ကမ်းစာစောင်
- ဆရာကြီးဖိုးကျော့ရေးသားခဲ့သော စာအုပ်များ
- ဆရာကြီးဖိုးကျော့စာစုစာရင်း

# ဒီပဲယင်းမြို့နယ်၌ သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါး ဧက ၅၀၀၀၀ နှင့်အခြားသီးနှံ ဧက ၇၅၀၀ စိုက်ပျိုးမည်



**ဒီပဲယင်း ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါး ဧက ၅၀၀၀၀နှင့် အခြားသီးနှံ ဧက ၇၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းထွန်းထံမှ သိရသည်။

သဖန်းဆိပ်ဆည်မှ ယခုနှစ်နွေစပါးစိုက်ရာသီတွင် ဒီပဲယင်းမြို့နယ် အနေဖြင့် YMC ရေဦးမြောင်းမတော်မှ ဧက ၂၂၅၀၀၊ MBC မရကန်မြောင်းမတော်မှ ဧက ၂၂၅၀၀၊ RMCလက်ယာမြောင်းမကြီးမှ ဧက ၅၀၀၀ စုစုပေါင်းနွေစပါး ဧက ၅၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး အခြားသီးနှံကို YMC ရေဦးမြောင်းမတော်မှ ဧက ၄၅၀၀၊ MBC မရကန်မြောင်းမတော်မှ ဧက ၃၀၀၀ စုစုပေါင်း ဧက ၇၅၀၀ အကောင်အထည်ဖော်စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေကို သဖန်းဆိပ်ဆည်မှ ၂၀၂၂ခုနှစ် ဖေဖော်ဝါ ၇ ရက်တွင် စတင်ပေးဝေမည်ဖြစ်သည်။

နွေစပါးနှင့်အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြေဆီလွှာအာဟာရ ဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများ၊ မျိုးကောင်း မျိုးသန့် ကြိုတင်စုဆောင်းရေးများ၊ ပိုးမွှားရောဂါကြိုတင် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးနည်းပညာများ အကူအညီရယူနိုင်ကြောင်း သိရသည်။ **သိန်းထွန်း(ဒီပဲယင်း)**



# မြမန္တလာစာပေ ပန်းခင်းစာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်များ လှူဒါန်းပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ၁၉လမ်း၊ ၅၆x၅၇လမ်းကြားရှိ မြမန္တလာစာပေ ပန်းခင်းစာကြည့်တိုက်သို့ ဆရာရေချမ်း၊ ဆရာသန်းစိုးအောင်နှင့် ဆရာနေဇင်တို့က စာအုပ်များကို ယနေ့နံနက်က ပေးအပ်လှူဒါန်းရာ မြမန္တလာ စာကြည့်တိုက်တာဝန်ခံ ဒေါ်သိမ့်သိမ့်ထွေး၊ ဒေါ်မကော့မိုင်နှင့်အဖွဲ့က လက်ခံရရှိကြောင်း သိရသည်။ ထို့နောက် စာကြည့်တိုက် တာဝန်ခံက ကျေးဇူးတင် စကားပြောကြား၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဆရာရေချမ်းက သုတ၊ ရသ စာအုပ် ခုနစ်အုပ်နှင့် ဆရာသန်းစိုးအောင်က သုတ၊ ရသ စာအုပ် ရှစ်အုပ်၊ ဆရာနေဇင်က သုတ၊ ရသစာအုပ် နှစ်အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော စာရေးဆရာများက စာပေအကြောင်းများကို ဆွေးနွေးကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်မီးသတ်ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဇန်နဝါရီ ၇ ရက်က ရမည်းသင်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်စဉ်။

ဇော်ဝင်းအောင်(ပြန်/ဆက်)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း






အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကမ္ဘာ့အဆင့်ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရသည့်မြန်မာနိုင်ငံမြောက်ပျား ဆီကအင်းတော်ကြီးကန်ဒေသ
**၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၀၅** ကချင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ
**၁၁:၃၅** ဘဝနှင့်အနုပညာ
**၁၃:၃၀** MRTV National News
**၁၅:၁၅** သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၂၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
**၁၇:၄၀** ဂေဟာစနစ်မပျက်ယွင်း ကချင်ပြည်နယ်အင်းတော်ကြီး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချိုချို'** (အပိုင်း-၂၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၅** **'ပဒေသာအလှ'** Fashion Show
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၁၆)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Awayyar Horntu (Sein Lei Lei)
**07:08** Ecotourism: The Famous Zalon Mountain
**07:23** Myanmar Musical Orchestra
**07:27** Gold: King Of All Metals
**08:01** Reflected Glory
**08:25** Shopping with Torch-Lights
**08:32** Great Shwedagon - The Sacred Hair Relics Hailing Pagodas
**09:01** News
**09:26** Global Partnership for Brighter Future: Austria Pavilion at Expo 2020 Dubai
**09:34** Discovering Tribes: Lisu- Their Life and Customs (Part-I)
**10:01** Myat Day Thanar (Pan Ei Phyu)
**10:09** The Third Prize Winner

**MRTV NRC**

**ပကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လက်ဖက်ထမင်းနှင့်အမဲသားထောင်း
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပျော်ပျော်ပါးပါးမျှစ်ချိုးသွားရအောင်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဖားပုတောင်ပေါ်မှ လှပသောမြင်ကွင်းတစ်ခွင်
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တာရှန်းရိုးရာ တောင်တက်ကပွဲ
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
အစွမ်းထက်တဲ့ ဂေရှတ်ကောင်းအကြောင်း သိကောင်းစရာ
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်စာပေသင်ကြရအောင် (အပိုင်း-၁)
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အိပ်မက်ကကြိုးကခုန်သူ
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှုမငြီးတဲ့လမ်းခရီး
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
သံထည်ဖြင့်ပြုလုပ်ထားသော လူ့အသုံးအဆောင်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဂေဟာစနစ်မပျက်ယွင်းကချင်ပြည်နယ်က အင်းတော်ကြီး
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း-၂)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အဝယ်ပလော်နဲ့'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' တို့ နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel တို့ စနေ၊ တနင်္ဂနွေမှအပ နံနက် (၈:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၉-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10x10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10x10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10x10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10x10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3x10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10x10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10x10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10x10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 323302521392189/ posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၁ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၆၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၅၀/၁၃၉၀ ကျပ် | ၁၃၉၅/၁၄၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၆၀/၁၄၁၀ ကျပ် | ၁၄၀၅/၁၄၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၉၅/၁၄၀၅ ကျပ် | ၁၄၅၀/၁၄၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၅/၁၄၇၀ ကျပ် | ၁၅၅၅/၁၅၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂. ၇၇၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၅ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၂၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၁၃၁၅ | ၁၀၉၁၄၅၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၂၇၃၅ | ၈၂၁၇၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၅၀၀ | ၃၆၂ | ၇၀၁၀၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၄၀၀ | ၁၉၄၅၀၄၄၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၄ | ၁၁၈၀၀ |
| AHP | ၅၈၀၀ | ၅၇၀၀ | ၁၆ | ၉၁၄၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မိုးညှင်းမြို့၌ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး တိုးချဲ့ဖွင့်လှစ်မည်

**မိုးညှင်း ဇန်နဝါရီ ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ဒေသခံပြည်သူများအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာစေရေးအတွက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးကို ၂၀၂၂ နှစ်ဆန်းပိုင်းတွင် တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် အသေးစား စက်မှုလက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ ပန်း ၁၀ မျိုး အပါအဝင် တိုင်းရင်းရိုးရာလက်မှုထည်လုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရေးနှင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဒေသခံပြည်သူများ အများဆုံးတောင်းဆိုလေ့ရှိသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်းများကို ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။



ဝါးဖြင့် လူသုံးကုန်ထုတ်လုပ်မှုသင်တန်းကို မိုးညှင်းမြို့နယ်အတွင်း ဖွင့်လှစ်ပို့ချစဉ်။

မိုးညှင်းမြို့နယ်သည် စိုက်ပျိုးရေးကိုသာ အဓိကအားထားပြီး လုပ်ကိုင်ကြသော ဒေသ ထုတ်လုပ်မှုများ နည်းပါးသည့်အတွက် ပြည်ပဖြစ်သဖြင့် လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန် နိုင်ငံများမှ တစ်ဖက်သတ် စီးဆင်းဝင်ရောက်မှုမရှိစေရန် WHO စံနှုန်းများနှင့်အညီ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုသင်တန်းများ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ရုံးဖွင့်လှစ်ပြီးပါက ဒေသခံပြည်သူများ အများဆုံးတောင်းဆိုလေ့ရှိပြီး ဒေသနှင့်လည်း လိုက်လျောညီထွေမှုရှိသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းများကို အဆိုပါဦးစီးဌာနရုံးတွင် စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်ကြားပို့ချပေးနိုင်မည့် သင်တန်းများမှာ စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ သံဂဟေသင်တန်း၊ အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းနည်းသင်တန်း၊ ဝါးနှင့် ကြိမ်အခြေခံလက်မှုထည်သင်တန်းနှင့် အခြားဒေသခံများ တောင်းဆိုလာသည့် သင်တန်းများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းထံမှ သိရသည်။

**ဇွဲသူရအောင်(ပြန်/ဆက်)**

# မန္တလေးဈေးကွက်၌ မြေထောက်ပဲများ အဖွင့်ဈေးကောင်းနေ

**မန္တလေး ဇန်နဝါရီ ၉**

၂၀၂၂ ခုနှစ် ပဲရာသီအတွက် မန္တလေးပဲဈေးကွက်အတွင်းသို့ မြေထောက်ပဲများ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မြေထောက်ပဲကို ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ ရွှေကူနယ်များနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကလေး၊ ကလေးဝ၊ ဂန့်ဂေါဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းပြီး ထွက်ရှိလာကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလတူက မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၅၀၀၀ ဈေးဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ နှုန်းအထိ အဖွင့်ဈေးကောင်းစွာဖြင့် အရောင်းအဝယ်များ သွက်လက်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"မြေထောက်ပဲက ဆောင်းသီးနှံအဖြစ် တစ်နှစ်ကို တစ်ရာသီပဲ စိုက်ပျိုးလို့ရပါတယ်။ ဒီသီးနှံဟာ ပူတဲ့ရာသီဥတုကိုလည်း မကြိုက်ဘူး၊ မိုးများတဲ့ ဒေသတွေလည်း မကြိုက်ပါဘူး။ ဧရာဝတီမြစ်ကြောင်းနဲ့ ချင်းတွင်းမြစ်ကြောင်း နုန်းတင်မြေနုနေရာတွေမှာပဲ စိုက်ပျိုးလို့ရပါတယ်။ နိုင်ငံခြားပို့ကုန်သီးနှံဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက စားသုံးသူတွေကြိုက်နှစ်သက်တဲ့အတွက် မြေထောက်ပဲကို တင်ပို့ရတာ ငါးနှစ်ရှိပါပြီ။ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံက မြေထောက်ပဲကို ဝယ်ယူပြီးတော့ ဆီသွတ်ဘူးတွေ၊ ထုပ်ပိုးတဲ့နည်းစနစ်တွေနဲ့ တတိယနိုင်ငံတွေကို တင်ပို့ရောင်းချတယ်လို့ သိရပါတယ်။ နှစ်စဉ်မြေထောက်ပဲကို ဥရောပနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံတွေကနေ ဝယ်ယူမှုတွေကိုတွေ့ရပါတယ်။ ဒီနှစ်က ရာသီဥတုကောင်းမွန်တယ်၊ ပိုးမွှားပျက်စီးမှုလည်း မကျရောက်ခဲ့တဲ့အတွက် အထွက်နှုန်းများမှာပါ။ ဝယ်ယူတဲ့ ဖောက်သည်တွေလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာတဲ့အတွက် ဈေးကလည်း သုံးတင်းဝင်တစ်အိတ်ကို တစ်သိန်းအောက်ကျဆင်းဖို့ မရှိပါဘူး"ဟု ၎င်းကပြောသည်။

ယမန်နေ့တွင် မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်ကောင်းမွန်နေသည့် အဓိကပဲသီးနှံ ဈေးနှုန်းများအနေဖြင့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၂၀၀၀၊ မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀၊ ဂျပန်နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀၊ နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀ ဈေးနှုန်း ပေါက်ဈေးရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# သံဖြူဇရပ်မြို့၌ ကျောက်ကပ်တုသွေးသန့်စင်ဌာန ဖွင့်လှစ်

**သံဖြူဇရပ် ဇန်နဝါရီ ၉**

သံဖြူဇရပ်မြို့နယ် ဇီဝိတဒါနဆေးအလှူတော်ရုံ၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မပီယ (အရှင်သုည)၏ သက်တော် ၅၀ ပြည့် (ရွှေရတု) ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားနှင့် ကျောက်ကပ်တုသွေးသန့်စင်ဌာနဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက်က ကျင်းပရာ ကျောက်ကပ်တုသွေးသန့်စင်ဌာနကို ဆရာတော် ဘဒ္ဒန္တဓမ္မပီယ (အရှင်သုည) နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖွင့်လှစ်ပေးပြီး ဆေးရုံတွင် လူနာများအား ကျောက်ကပ်ဆေးပေးနေမှုကို ကြည့်ရှုအားပေးသည်။



ကျောက်ကပ်ဆေးနေသည့် လူနာတစ်ဦးအား ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေးစဉ်။

အဆိုပါဇီဝိတဒါန ဆေးအလှူတော်ရုံတွင် ဆရာတော်၊ သံဃာတော်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များက အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ လိုအပ်သည်များကိုလည်း ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် သံဖြူဇရပ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျိုက္ခမီ-ကဒတ်ထောက်-ကရင်သောင်-စက်စဲ ကမ်းခြေပတ်လမ်း ခင်းနေမှု၊ မုဒုံမြို့နယ် ဆက်သွယ်ကျေးရွာအဝင် လမ်းခင်းနေမှုတို့ကိုလည်း ကြည့်ရှုစစ်ဆေး၍ ကျေးလက်နှင့်မြို့ပြ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသား ၂၂၁ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇန်နဝါရီ ၉**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ- ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်လက်ခံလျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် ပြန်လည်ဝင်ရောက်လာသူ ၂၂၁ ဦးရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၃၃ဦး၊ အမျိုးသမီး ၈၈ ဦးဖြစ်ပြီး ၎င်းတို့အား မြဝတီခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများ အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ မြဝတီမြို့ရှိ သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပြီး ကျန်းမာရေးဌာနက ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**



# မာန်အောင်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**မာန်အောင် ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် အသက် ၁၈ နှစ်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပဉ္စမအသုတ်(ဒုတိယ) အကြိမ်ကို မြို့နယ်ပြည်သူ့ဆေးရုံ ဆေးထိုးစုရပ်တွင် ယမန်နေ့က ဆက်လက်ထိုးနှံပေးသည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကာကွယ်ဆေးထိုးပေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများကလည်း ပူးပေါင်းကူညီပေးခဲ့ပြီး ပဉ္စမအသုတ်(ဒုတိယ)အကြိမ် ကာကွယ်ဆေးထိုးနှံရန် ၇၂၅ ဦးရှိသည့်အနက် ၆၇၅ ဦးအား ထိုးပေးနိုင်ခဲ့ကြောင်းနှင့် မာန်အောင်မြို့နယ်အတွင်း ဇန်နဝါရီ ၈ ရက်အထိ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၃၆၀၇၁ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

# မိုင်းကိုင်မြို့နယ်၌ စစ်ဘေးရှောင် ကလေးငယ်များကို ကူညီထောက်ပံ့ပေးရန် လိုအပ်

မိုင်းကိုင် ဇန်နဝါရီ ၉

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်၌ တိုင်းရင်းသားလက်နက်ကိုင်များ၏ နှစ်ဖက်စစ်ပွဲများကြောင့် ကျေးလက်နေပြည်သူများနှင့် ၎င်းတို့၏ ကလေးငယ်များ မြောက်မြားစွာ စစ်ဘေးတိမ်းရှောင်နေကြရသည်။

စစ်ဘေးရှောင် စခန်းများတွင် ရောက်ရှိနေသော ကလေးငယ်များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင် ပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် သမအသင်းများ ပူးပေါင်းကာ ဇန်နဝါရီ ၉ ရက်က စစ်ဘေးရှောင် စခန်းများအထိ ကွင်းဆင်းပြီး ကလေးငယ်များနှင့်အတူ ပျော်ရွှင်ဖွယ်ကစားနည်းများဖြင့် ဆော့ကစားခြင်း၊ ကလေးများအတွက် ကစားစရာနှင့် အာဟာရဖြစ်စေသည့် မုန့်များ၊ သစ်သီးဖျော်ရည်ဘူးများ ဝေငှခြင်းများပြုလုပ်ခဲ့သည်။

စစ်ဘေးရှောင်စခန်းများမှာ ဘုန်းတော်ကြီးကျောင်းများဖြစ်သည့် ကျောင်းခမ်းကျောင်း၊ ကျောင်းခမ်း (ဓမ္မာရုံ) ကျောင်း၊ မဟာတ်ကျောင်း၊ မွေတော်မြောက်ကျောင်း၊ မွေတော်တောင်ကျောင်း၊ ကျောင်းကန်စာသင်တိုက်၊ နားလုံကျောင်း၊ လွယ်လိုင်ကျောင်း၊ နန်းဦးပျဉ်ကျောင်းများဖြစ်ကြသည်။

စစ်ဘေးရှောင်နေကြရသည့် ကျေးလက်နေ ပြည်သူများမှာ ဟိုနားကျေးရွာအုပ်စုမှ ကျေးရွာ ခုနစ်ရွာ၊ ပန်ကေတုကျေးရွာအုပ်စုမှ ကျေးရွာ ခြောက်ရွာ၊ ဝမ်လုံ/ယန်းလွယ်ကျေးရွာ အုပ်စုမှ ကျေးရွာသုံးရွာ၊ ဟမ်းငိုင်း ကျေးရွာအုပ်စုမှ ကျေးရွာ သုံးရွာ၊ မိုင်းခွန်ကျေးရွာအုပ်စုမှ ကျေးရွာ နှစ်ရွာတို့ဖြစ်ကြပြီး အိမ်ခြေ/လူဦးရေအားဖြင့် အိမ်ထောင်စုပေါင်း ၅၇၂ အိမ်ထောင်စုရှိသည့်အနက် အသက် ၁၈ နှစ် အထက် ၅၅၆ ဦး၊ အသက် ၁၈ နှစ် အောက် ၁၄၇၅ ဦး၊ အသက် ၁၂နှစ် အထက် ၁၇၀၅ ဦး၊ အသက် ၁၂ နှစ်အောက် ၃၂၆ ဦးရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများ၏ စာရင်းများအရ သိရသည်။

သို့ဖြစ်၍ စစ်ဘေးရှောင်စခန်းများတွင် ရောက်ရှိနေသော ကလေးငယ်များ၏ ဦးရေသည် လူကြီးဦးရေထက်များပြားနေပြီး ကလေးများ၏စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ပေးရန်နှင့် အနွေးထည်များ၊ စောင်များနှင့် အာဟာရအစားအစာများ ကူညီထောက်ပံ့ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ချော(မိုင်းကိုင်)





သန်လျင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကန်တော့ခံအသက် (၉၀)နှစ်ရှိ ဆရာမကြီး ဒေါ်နှင်းဝေအား ဇန်နဝါရီ ၉ ရက်က အဖွဲ့မှ ပူဇော်ကန်တော့ငွေတစ်သိန်းနှင့် အဖွဲ့နာယက ဦးတင်ဝင်းက ကျန်းမာရေးထောက်ပံ့ငွေ ငါးသောင်းကို အိမ်တိုင်ရာရောက် ထောက်ပံ့ကန်တော့စဉ်။

သန်းဝင်း(သန်လျင်)

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

❑ လေအေးပေးစက်၏ လေစစ်ဇကာနှင့် ဓာတ်ငွေ့တို့ကို ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းဖြင့် အအေးဓာတ် အပြည့်ရအောင် ဆောင်ရွက်ပါ။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm

## သင်ကြား၊ သင်ယူမှုမထိခိုက်စေဖို့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့

၁



နေထိုင်မှုပုံစံအသစ်နှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ကြားသင်ယူမှုများ ပြန်လည်စတင်နိုင်ဖို့အတွက် ကျောင်းသား/သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အလွန်အရေးကြီး ပါသည်။

၂



တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှာ ပညာသင်ယူကြမည့် ကျောင်းသား/သူများကို ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးသွားမည်ဖြစ်ပါသည်။

၃



ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာများတွင် အရေးပေါ်လိုအပ်မည့် ဆေးဝါးများနှင့် လူနာတင်ယာဉ်တို့ကို အသင့်စီစဉ်ထား ရှိမည်ဖြစ်ပါသည်။

ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးပါက ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား သင်ယူနိုင်မှာဖြစ်တဲ့အပြင် ပြည်သူလူထုအတွင်းမှာလည်း ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကိုပိုမို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက်…

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းတုံမြို့ မြန်မာ-ထိုင်းနယ်စပ် Bp-1 နယ်စပ်ဂိတ် သွားရောက်ကြည့်ရှုစစ်ဆေး

**ပုံပါကျင် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တြိဂံဒေသတိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၇ ရက်က ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ Bp–1 မြန်မာ–ထိုင်းနယ်စပ်ဂိတ်ကို သွားရောက်ကြည့်ရှု စစ်ဆေးရာ မိုင်းဆတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက မြန်မာနိုင်ငံ တောင်ကြီးမြို့မှ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ရောက်ရှိသော ကားလမ်းများ၏ ခရီးအကွာအဝေး တည်နေရာပြ Google မြေပုံများဖြင့် ရှင်းလင်းပြီး မိုင်းတုံ–ပုံပါကျင် Bp–1 လမ်းနှင့် ပတ်သက်၍ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ Bp–1 နယ်စပ်ဂိတ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟွေအောရော်ဘာစက်ရုံသို့ သွားရောက်ကာ ရော်ဘာထုတ်လုပ်နေမှု အဆင့်ဆင့် လှည့်လည်ကြည့်ရှုသည်။ အဆိုပါဟွေအောရော်ဘာစက်ရုံမှ တစ်နေ့လျှင် ရော်ဘာတန်ချိန် ၁၅ တန် ထွက်ရှိကြောင်း၊ စက်ရုံလည်ပတ်မှုကို ကျောက်မီးသွေး ၆၀၀ ကီလိုဝပ်စက်များဖြင့် လည်ပတ်ကာ အလုပ်သမား ၆၀ ဖြင့် ဆောင်ရွက်၍ ထွက်ရှိလာသော ရော်ဘာများကို တာချီလိတ်မြို့သို့ တင်ပို့ကာ ၁ ကီလိုလျှင် ထိုင်းငွေ ၃၄ ဘတ်ဖြင့် ရောင်းချပြီး စက်ရုံ လေးရုံဖြစ်သည့် ဟွေအောစက်ရုံ၊ မိုင်းဆတ်မြို့နယ် မိုင်းယွန်းတွင် စက်ရုံ နှစ်ရုံ၊ ဝမ်ဟုန်တွင် တစ်ရုံ စက်ရုံ လေးရုံဖြင့် လည်ပတ်လျက်ရှိကာ စက်ရုံများကို ၂၀၁၆ ခုနှစ်က စတင်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်း တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နမ့်ဟူးခွန်ကျေးရွာအုပ်စု ဟောင်လိတ်ကျေးရွာ တောင်သူ ဦးအားဝူ စိုက်ပျိုးထားသော ကြက်သွန်ဖြူ ရေဖျန်းစနစ် စိုက်ခင်း ၉ ဒသမ ၆၅ ဧကကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် "ဝ" ဒေသ အထူးအဖွဲ့နှင့် တွေ့ဆုံရာ "ဝ" ဒေသ အထူးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ဒေသလိုအပ်ချက်များ တင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသည်။ ဆက်လက်၍ မိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားတက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မိုင်းတုံမြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်း တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မိုင်းတုံမြို့ မွေတော်ကျောင်း ပြည်နယ်သံဃာ့ဝန်ဆောင်မြို့မမွေတော်ကျောင်း တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစာရိန္ဒမဟာသဒ္ဓမ္မဇောတိကဓဇမဟာထေရ်မြတ် သက်တော် (၁၀၀) နှစ်၊ သိက္ခာတော် (၈၀) ၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကာ ကျောင်းရှိ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဆိပ်ဖြူမြို့နယ်၌ ဥစိုက်ကြက်သွန်နီ ပေါ်ပြီ တစ်ပိဿာကျပ် ၃၀၀ မှ ၆၀၀ ရောင်းရ၍ အဆင်ပြေ

**ဆိပ်ဖြူ ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှ ဆောင်းကြက်သွန်နီဥစိုက်များ ပေါ်ထွက်ပြီး ကုန်စည်ဒိုင်ဈေးကွက်သို့ စတင်ဝင်ရောက်၍ ကြက်သွန်နီဈေးရရှိကာ တောင်သူများ အဆင်ပြေကြောင်းသိရသည်။

ဆိပ်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများသည် မိသားစု စားဝတ်နေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကာ ဒေသထွက်ကုန်အဖြစ် ကြက်သွန်နီဥစိုက်နှင့် အပင်စိုက်ပျိုးခြင်းကို အဓိကထားစိုက်ပျိုး လုပ်ကိုင်ကြပြီး လက်ရှိအချိန်တွင် ကြက်သွန်နီဥစိုက်များ စတင်ပေါ်ထွက်၍ ဆိပ်ဖြူကုန်စည်ဒိုင်သို့ ဥစိုက်ကြက်သွန်နီများ စတင်ဝင်ရောက်လျက်ရှိသည်။

ကြက်သွန်နီဥစိုက်ကို ကုန်းစိုက်ခင်းများ၊ ကိုင်းစိုက်ခင်းများတွင် သီတင်းကျွတ် လကုန်ပိုင်းနှင့် တန်ဆောင်မုန်းလဆန်းပိုင်းတို့တွင် စတင်စိုက်ပျိုးကြပြီး နတ်တော်လတွင် စတင်တူးဖော်ကြကြောင်း၊ ကြက်သွန်နီ အပင်စိုက်ကို နတ်တော်လနှင့် ပြာသိုလများတွင် ချောင်းမြေများ၊ ကိုင်းမြေ၊ ကုန်းစိုက်ခင်းများ၌ စတင်စိုက်ပျိုးကြပြီး တပေါင်းလကုန်ပိုင်းနှင့် တန်ခူးလတို့တွင် တူးဖော်ကြရကြောင်း၊ ကြက်သွန်နီအပင်စိုက်ကို နှစ်ပတ်လည် သိုလှောင်မှုပြုလုပ်၍ အရောင်းအဝယ် ပြုလုပ်ကြောင်း၊ လက်ရှိပေါ်သော ဥစိုက်ကြက်သွန်နီများက တာရှည်သိုလှောင်မှုအတွက် အဆင်မပြေကြောင်း၊ လတ်တလောစားသုံးရန်အတွက် ကြက်သွန်နီ အပင်စိုက်မပေါ်မီကာလ စားသုံးရန်အတွက် တင်ပို့ရောင်းချကြသည်။

လက်ရှိတွင် ကုန်စည်ဒိုင်သို့ ဥစိုက်ကြက်သွန်နီများ ကုန်ချိန် တစ်သောင်းခွဲဝန်းကျင်ခန့် စတင်ဝင်ရောက်လျက်ရှိကြောင်း၊ ဥစိုက်ကြက်သွန်နီအသစ်ဈေးနှုန်းအနေဖြင့် အမြင့်ဆုံးဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ဝန်းကျင်ရှိပြီး အနိမ့်ဆုံးဈေး ငွေကျပ် ၃၀၀ ထိရရှိကြောင်း၊ နှစ်ဟောင်းလက်ကျန် ကြက်သွန်နီဆိုလျှင် တစ်ပိဿာ ငွေကျပ် ၁၀၀ မှ ၃၀၀ ဝန်းကျင်အထိသာ ဈေးရရှိသည့်အတွက် ကြက်သွန်နီအသစ် ဥစိုက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအတွက် လက်ရှိ ကာလပေါက်ဈေးနှုန်းဖြင့် အဆင်ပြေလျက်ရှိကြောင်း ကြက်သွန်နီကုန်သည်များနှင့် တောင်သူများထံမှ သိရသည်။

**ကိုဇွဲ(အညာမြေ)**



# မြို့သစ်မြို့၌ ဆီထွက်သီးနှံ ကေတစ်သိန်းကျော် စိုက်ပျိုးပြီး

**မြို့သစ် ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ စားသုံးဆီဖူလုံပိုလျှံရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို ဧကပေါင်း ၁၀၂၁၉၆ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယခုအခါ ဧကပေါင်း ၁၀၀၅၈၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မြို့သစ်မြို့နယ်၌ ဆောင်းသီးနှံဖြစ်သည့် ဆီထွက်သီးနှံများကို ရေ၊ မြေ၊ ဒေသအလိုက် စိုက်ပျိုးလျက်ရှိရာ မြေပဲသီးနှံများကို ဧက ၁၅၂၆၀၊ နှမ်းသီးနှံကို ၈၅၂၇၂ ဧကနှင့် နေကြာသီးနှံကို ၅၆ ဧက စုစုပေါင်း ၁၀၀၅၈၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ စိုက်ပျိုးပြီးသော်လည်း လျာထားစိုက်ဧကပြည့်မီကျော်လွန်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ ပူးပေါင်း၍ဆက်လက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**

# မိုးကြက်သွန် အထွက်နှုန်းကောင်း၍ တောင်သူများ အဆင်ပြေ

**စစ်ကိုင်း ဇန်နဝါရီ ၉**

ယခုနှစ်အတွင်း မိုးကြက်သွန်စိုက်ပျိုးသူအများစုမှာ အထွက်နှုန်း ကောင်းမွန်သဖြင့် စိုက်ပျိုးရကျိုးနပ်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကြက်သွန်စိုက်ပျိုးသူများထံမှ သိရသည်။

"မိုးကြက်သွန်တွေက တူးတဲ့လူတွေ တူးကုန်ကြပြီ။ ဒီနေ့စတူးတဲ့သူလည်း ရှိတယ်၊ မနေ့ကမှ စတူးတဲ့သူလည်း ရှိတယ်။ ဇန်နဝါရီလကုန်လောက်မှ ပေါ်မယ့်သူတွေလည်း ရှိတာပေါ့နော်။ အခုပေါ်နေတဲ့ ကြက်သွန်တွေက စက်တင်ဘာလလယ်လောက်က စိုက်ထားတဲ့အခင်းတွေပါ။ အခုလောလောဆယ် အရပြောရရင် မိုးကြက်သွန်ဈေးက မဆိုးပါဘူး။ စိုက်ရကျိုးနပ်ပါတယ်။ ဈေးနှုန်းတွေက ဖြည်းဖြည်းချင်း တက်နေပါတယ်။ ဒီနှစ်မှာ ရာသီဥတုလည်း မဖောက်ပြန်တဲ့အတွက် ဆေးလည်း သိပ်မသုံးခဲ့ရဘူး။ အထွက်နှုန်းလည်း သိပ်မဆိုးဘူးလို့ ပြောရမယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် တည်တောရွာမှ သီးနှံစုံစိုက်ပျိုးသူ ကိုလွှမ်းမိုးအောင် က ပြောသည်။

လက်ရှိ ဈေးကွက်အတွင်း အရည်အသွေးကောင်း ပခုက္ကူကြက်သွန် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀ မှ ၆၀၀၊ ရွှေဘိုကြက်သွန် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ မှ ၇၀၀၊ မြစ်သားကြက်သွန် တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ မှ ၉၅၀ ဈေးနှုန်းများ ပေါက်ဈေး ရှိနေကြောင်း သိရသည်။

"ပုံမှန်ကတော့ ကြက်သွန်နီက စိုက်ပျိုးပြီး သုံးလခွဲအကြာမှာ တူးဖော် ရောင်းချကြပါတယ်။ ကြက်သွန်ဈေးတွေက အရည်အသွေးနဲ့ အလုံးလှ မလှအပေါ်လည်း မူတည်တယ်။ ရွှေဘိုနယ်က ကြက်သွန်ထက် မြစ်သားကြက်သွန်က ပိုဈေးကောင်းရတယ်။ မြစ်သားကြက်သွန်က ဥလုံးလေးတွေ ပိုလှတယ်။ ကျွန်တော်တို့ ရွှေဘိုကြက်သွန်ကျတော့ မြစ်သားကြက်သွန်လောက်လည်း အသားမနုဘူး၊ ပခုက္ကူကြက်သွန်လောက်လည်း အသားမကြမ်းဘူး။ အလယ်အလတ်ပါပဲ " ဟု ၎င်းက ဆက်လက်ပြောသည်။

ကြက်သွန်နီကို မြန်မာနိုင်ငံ အလယ်ပိုင်း (ဆိပ်ဖြူ၊ ပခုက္ကူ၊ မြင်းခြံ၊ မြစ်သား၊ ကျောက်ဆည်၊ ရွှေဘို) စသည့် ဒေသများတွင် အဓိကစိုက်ပျိုးကြပြီး သွင်းအားစုစရိတ် အတက်အကျနှင့် ရာသီဥတုအခြေအနေတို့အပေါ် မူတည်၍ တစ်ဧကစိုက်ပျိုးစရိတ် စုစုပေါင်း ငွေကျပ် ခြောက်သိန်းမှ ရှစ်သိန်းဝန်းကျင် ကုန်ကျနိုင်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# တရားမဝင်ကုန်ပစ္စည်းများနှင့် သစ်မျိုးစုံ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၉

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့မှ ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကိုးဆူစစ်ဆေးရေးဂိတ်နှင့် ရေကြည်မြို့နယ် မိဿလင်ကျေးရွာအနီးတို့တွင် တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ ပိတ်ဆို့စစ်ဆေးခဲ့ရာ ကျွန်းသစ် ၅၃ တန်နှင့် ပျဉ်းကတိုးသစ် ၈ တန် စုစုပေါင်း သစ်ခွဲသား ၆၁ တန်ခန့်ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။**

ထို့အတူ ဇန်နဝါရီ ၇ ရက်တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့မှ တောင်ကုတ်မြို့နယ် ကြိုးကြာကွင်းကျေးရွာ၊ နေလသစ္စာပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စောင့်ဆိုင်းစစ်ဆေးခဲ့ရာ သင်္ဂဒူသစ်ခွဲသားဆိုက်စုံ ၁ ဒသမ ၈ တန်ခန့်အား သိမ်းဆည်းရမိသည်။

အလားတူ ဇန်နဝါရီ ၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ တရုတ်နိုင်ငံမှ တင်သွင်းလာသော ကုန်သေတ္တာများကို စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ပါဝင်ခြင်းမရှိသော လုပ်ငန်းသုံး သစ်ပုံဖော်စက် လေးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀) ခန့်ကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၁၀၀၀၀၀ ခန့်ကို လည်းကောင်း၊ လူသုံးကုန်ပစ္စည်း ၂၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၂၅၀၀) ခန့်ကိုလည်းကောင်း စုစုပေါင်း အမှုတွဲ သုံးခု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၁၇၂၅၀၀) ခန့်ကို သိမ်းဆည်းရမိခဲ့ပြီး **(အပေါ်ယာပုံ)** အမှုတွဲ ဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။



ထို့အတူ ဇန်နဝါရီ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ကြိုးဝိုင်းသစ်တောများအတွင်း တရားမဝင်သစ်များ ထုတ်လုပ်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင် သစ်မျိုးစုံ ၆ ဒသမ ၃၅ တန် ဖမ်းဆီးရမိသည်။

သို့ပါ၍ ဇန်နဝါရီ ၅ ရက်၊ ၆ ရက်၊ ၇ ရက်နှင့် ၉ ရက်များတွင် သစ်မျိုးစုံ ၆၉ ဒသမ ၁၅ တန်ကိုလည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် အမှုတွဲ သုံးခု (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၃၁၇၂၅၀၀) ခန့်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြိတ်မြို့၊ နောင်ချို၊ ပုသိမ်နှင့် ဟိုပုံးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်း၌ လမ်းလျှောက်လာသူ ယဉ်ဌေး ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းကိုင်ဆောင်လာသော ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီခွဲတွင် ရေပုန်းရပ်ကွက် ဗန္ဓုလလမ်းရှိ ဟိုတယ် အခန်းအမှတ် (၁၀၄) သို့ ဝင်ရောက်ရှာဖွေရာ သန်းထူးအောင် ကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာရှိ ထွန်းနိုင်၏ နေအိမ်သို့ ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ နှင့် ဘိန်းစာမှုန့် ၂ ဒသမ ၇၂ ကီလို စုစုပေါင်းငွေကျပ် ၅၁၀၁ ဒသမ ၃၆ သိန်းတန်ဖိုးရှိ



ယဉ်ဌေး၊ သန်းထူးအောင် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ဇန်နဝါရီ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွား ကားလမ်း မိုင်တိုင်အမှတ် (၇၉/၁) တွင် ဝေဖြိုး (ခ) ရှော်တီ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် လှထွန်း မောင်းနှင်ပြီး ထွန်းလင်းအောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ် တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဝေဖြိုး (ခ) ရှော်တီ ၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၆,၀၀၀ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီတွင် ပုသိမ်မြို့ အမှတ် (၆) ရပ်ကွက် အောင်ချမ်းသာ (၁) လမ်းနေ ကျော်ဇေယျာလင်း (ခ) မောင်ကျော် (ခ) နွတ်ခမ်းမွှေး ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆၀ ကိုလည်းကောင်း။

ဇန်နဝါရီ ၇ ရက် ညပိုင်းတွင် ဟိုပုံးမြို့နယ် ပေါင်းလင်ကျေးရွာအုပ်စု နောင်ကော်ကျေးရွာနေ စိုင်းသန့်ဇင် (ခ) တဖစ် ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

# မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၉

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ် တုံတာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် နံနက် ၇ နာရီတွင် ပါထားကျေးရွာအနီးရှိ ဘိန်းစိုက်ခင်း ၃ ဒသမ ၅ ဧကခန့်နှင့် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် စင်းတောင်ကျေးရွာအုပ်စု ထီတလီကျေးရွာအနီးရှိ ဘိန်းစိုက်ခင်းဧက ၃၀ ခန့်ကို ဖျက်ဆီးခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ကျေးရွာ၏ အရှေ့တောင်ဘက် ၅ မိုင်ခန့်အကွာ တောင်ကမ်းပါးယံ၌ ၂ ဧကခန့်ရှိ ဘိန်းစိုက်ခင်း တစ်ခင်း၊ တောင်ကျောပေါ်၌ ၂ ဒသမ ၅ ဧကခန့်ရှိ ဘိန်းစိုက်ခင်း တစ်ခင်းနှင့် သုံးဧက ခန့်ရှိ ဘိန်းစိုက်ခင်း တစ်ခင်း တို့ကို ဖျက်ဆီးခဲ့သည်။

ထို့ပြင် ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် တောင်ပိုင်း ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်သာကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခွဲခန့်အကွာရှိ ဘိန်းစိုက်ခင်းဧက ၃၀ ခန့် နှင့် နံနက် ၉ နာရီ မိနစ် ၅၀ တွင် မိုင်းခက်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝမ်ကျောင်းကျေးရွာ၏ အရှေ့မြောက်ဘက် သုံးဖာလုံခန့်အကွာရှိ ဘိန်းစိုက်ခင်း ၂ ဒသမ ၅ ဧကခန့်တို့ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# မော်လူးမြို့တိုက်နယ်ဆေးရုံမှ ဆေးရုံသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ခိုးယူသူအားဖမ်းဆီးရမိ

မော်လူး ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ တိုက်နယ်ဆေးရုံတွင် ဆေးရုံသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းခိုးယူသူအား သံတိုသံစများ ရောင်းချရာမှ တရားခံတစ်ဦးကို ဖမ်းဆီးရမိသည်။

ဇန်နဝါရီ ၈ ရက် ည ၈ နာရီခန့်က မော်လူးမြို့ မင်းဇေယျာရပ်ကွက်နေ ဦးဆံရှည် သံတိုသံစ ဝယ်ယူသည့်နေအိမ်သို့ မင်းသစ္စာရပ်ကွက် (ဟဲနုရွာ) နေထိုင်သူ နေလင်းဦး ဆိုသူက သံတိုသံစများ လာရောက်ရောင်းချခဲ့ရာ ဆေးရုံသုံးပစ္စည်းများ ဖြစ်နိုင်ကြောင်း သိရသဖြင့် မော်လူးမြို့မရဲစခန်းသို့ အပ်နှံခဲ့ပြီး ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီတွင် မော်လူးမြို့ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းနှင့် ကျန်းမာရေးဌာနမှတာဝန်ရှိသူများ၊ မော်လူးနယ်မြေ စခန်းမှူး ရဲအုပ်ရွှေခိုင် တို့ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဆေးရုံဟောင်း ဘိုးဘွားအခန်းမှ နံရံကပ်ပန်ကာ ၁၀ လုံး၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၇၀၊ Water Collar တစ်လုံး၊ ခွဲစိတ်ခန်းမှ ခွဲစိတ်မှန်စက်ပစ္စည်းများ၊ Instrument ပစ္စည်းပေါင်းအိုး တစ်လုံး၊ ဆေးရုံသုံး အသုံးအဆောင်ပစ္စည်းများ။

Methadone အခန်းမှ မတ်တတ်ပန်ကာအရှည် နှစ်လုံး၊ ဆုံလည်ထိုင်ခုံ တစ်လုံး၊ ခွဲစိတ်ခန်းမှ Aircon သုံးလုံး၊ Duty ခန်းမှ Aircon တစ်လုံးနှင့် ဆေးပစ္စည်းအချို့ (စိစစ်ဆဲ) ပျောက်ဆုံးနေကြောင်းနှင့် အခန်းတိုင်းတွင် တံခါးဖျက်၍ ဝင်ရောက်ထားသည်ကို စစ်ဆေးတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သံတိုသံစများကို လာရောက်ရောင်းချခဲ့သူ မော်လူးမြို့ မင်းသစ္စာရပ်ကွက် (ဟဲနုကျေးရွာ) နေထိုင်သူ နေလင်းဦး (၂၁) နှစ်အား မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ပြီး ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လင်မယားချင်းစကားများ ရန်ဖြစ်ကာ နေအိမ်ကိုမီးရှို့မှု သာစည်မြို့နယ်တွင်ဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ဇန်နဝါရီ ၈ ရက်က လင်မယားချင်း စကားများရန်ဖြစ်ကာ နေအိမ်ကို မီးရှို့မှုဖြစ်ပွားသည်။

ဇန်နဝါရီ ၈ ရက် ည ၇ နာရီ ၄၅ မိနစ်က သာစည်မြို့နယ် ရွာကြီးကုန်းကျေးရွာရှိ ဦးညွန့်လှိုင် (၄၅) နှစ်၏ နေအိမ်တွင် အိမ်စောင့်အဖြစ် နေထိုင်သူ သိန်းဇော် (၄၄) နှစ်သည် အရက်သေစာသောက်စားမူးယစ်ပြီး ဇနီးဖြစ်သူနှင့် စကားများရန်ဖြစ်ကာ ဦးညွန့်လှိုင်၏ နေအိမ်ကို မီးရှို့ခဲ့သောကြောင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဟံဇာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ည ၈ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို သီပေါ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

သီပေါ ဇန်နဝါရီ ၉

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာအုပ်စု နောက်ကတ်ကျေးရွာ သန့်ရှင်းသာယာလှပရေးနှင့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ယမန်နေ့က ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် နောက်ကတ်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် ရိုးရာ အစဉ်အလာမပျက် ဒေဝါစင်မြင့် သွားရာ လမ်းတစ်လျှောက်အပြင် ရွှေတောင်စာကြည့်တိုက်ဝန်းကျင်တို့၌ ကျေးရွာလူကြီးများ ဦးဆောင်၍ ဒေသခံပြည်သူများ၊ ရွှေတောင်စာကြည့်တိုက် တာဝန်ခံစာရေးဆရာ ဇာဏီဟိန်း (သီပေါ) နှင့် စာကြည့်တိုက် အသင်းဝင် လူငယ်မောင်မယ်များ စုပေါင်းကာ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရန် ကောနေသော မြောင်းများ ပြန်လည် တူးဖော်ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုင်း(သီပေါ)**






# တိုက်စစ်မှူး အောင်ကျော်နိုင်ကို ထိုင်းလိဂ်-၂ ကလပ် ရနောင်းယူနိုက်တက်ခေါ်ယူ

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာ တိုက်စစ်ကစားသမား အောင်ကျော်နိုင်သည် ထိုင်းလိဂ်-၂ ကလပ်ရနောင်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

ရနောင်းယူနိုက်တက်အသင်းသည် ၂၀၂၁-၂၀၂၂ ရာသီ ဒုတိယအကျော့အတွက် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ခဲ့ပြီး အောင်ကျော်နိုင် ကိုလည်း ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရနောင်းယူနိုက်တက်အသင်း သည် အောင်ကျော်နိုင်ကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ် သည်။ ယခုရာသီတွင် ထိုင်းကလပ်အသင်းများ၌ မြန်မာကစားသမားအများးစုပါဝင်ကစားလျက်ရှိပြီး ထိုင်း လိဂ်-၁ ကလပ် ဘူရီရမ်အသင်းတွင် အောင်သူ၊ ထိုင်းလိဂ်-၂ ကလပ်များဖြစ်သည့် လမ်ဖွန်အသင်းတွင် မောင်မောင်လွင်၊ ထရတ်အသင်းတွင် ဇော်မင်းထွန်း၊ Rayong အသင်းတွင် ကျော်ကိုကို၊ အူဒွန်ထာနီအသင်းတွင် အောင်ကောင်းမာန်၊ Navy အသင်းတွင် ဆွမ်လမန်တို့ ပါဝင်ကစားလျက်ရှိသည်။ အောင်ကျော်နိုင်သည် ယခုရာသီအစတွင် ထိုင်းလိဂ်-၃ ကလပ် Pattaya Dolphins အသင်း၌ ကစားခဲ့သော်လည်း ရာသီဝက်အပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အောင်ကျော်နိုင်သည် ပြည်ပကလပ်များတွင် သွားရောက်ကစားဖူးသည့် အတွေ့အကြုံရှိသူဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ပြည်ပကလပ် အသင်းများတွင် ပြန်လည်သွားရောက် ကစားခြင်းဖြစ်သည်။ အောင်ကျော်နိုင်သည် စင်ကာပူနှင့် ထိုင်းကလပ်များတွင် ကစားပြီးနောက် ပြီးခဲ့သည့်နှစ် အနည်းငယ်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကာ ရှောဝတီနှင့် ရန်ကုန်ယူနိုက်တက်အသင်းတွင် ကစားခဲ့သည်။

**ရဲရင့်လွင်**

# အင်းတော်မြို့နယ်၌ တရားမဝင်ရွှေတူးဖော်နေခြင်းနှင့် တရားမဝင်ကျောက်သဲများ ထုတ်ယူနေခြင်းများကြောင့် နန့်ခင်ချောင်းရေနောက်ကျိပြီး အသုံးပြုမရဖြစ်နေ

**အင်းတော် ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ် နန့်ခင်ကျေးရွာအနီးရှိ နန့်ခင်ချောင်းအတွင်း၌ ယခုအခါ တရားမဝင် ရွှေတူးနေခြင်းနှင့် တရားမဝင် သဲကျောက်များ ထုတ်ယူ နေခြင်းများကြောင့် နန့်ခင်ချောင်း ရေမှာနောက်ကျိပြီး အသုံးပြု၍မရဘဲ ဖြစ်နေကြောင်း ဒေသခံများထံမှ သိရသည်။

### တရားမဝင်ရွှေတူးဖော်

ယခင်က နန့်ခင်ချောင်းအတွင်းရှိ ရေများသည် ကြည်လင်အေးမြပြီး နွေရာသီရေများ ရှားပါးလာပါက ချောင်းအနီးတွင် နေထိုင်ကြသော နန့်ခင်ကျေးရွာနေ ဒေသခံပြည်သူများနှင့် အင်းတော်မြို့နေ ပြည်သူများမှာ အဆိုပါ ချောင်းရေကို ချိုးရေ၊ သုံးရေနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေအဖြစ် အသုံးပြုရရုံသာမက မီးဘေးအန္တရာယ်များ ကျရောက်လာပါက လိုအပ်သော ရေများကို ယင်းချောင်းအတွင်းမှ စုပ်ယူအသုံးပြုကြရခြင်း ဖြစ်သော်လည်း ယခုအခါတွင် ချောင်းအတွင်း၌ တရားမဝင် ရွှေတူးဖော်နေခြင်းနှင့် သဲကျောက်များ ထုတ်လုပ်နေခြင်းများကြောင့် ချောင်းတိမ်ကောပြီး ရေအရင်းအမြစ် ပျောက်ကွယ်သွားမည်ကို ဒေသခံများ စိုးရိမ်လျက်ရှိကြသည်။

### ရေအသုံးပြုလို့မရ

“ဒီနန့်ခင်ချောင်းရေက မြင်ရတဲ့ အတိုင်းပဲ၊ ရေက နောက်ကျိနေပြီး အသုံးပြုလို့ မရအောင် ဖြစ်နေတယ်။ ဟိုတုန်းကတော့ ရေက ကြည်လင်အေးမြပြီးတော့ နွေရာသီ ရေရှားပါးလာရင် ကျွန်တော်တို့ ဒေသခံတွေ ချိုးရေ၊ သုံးရေ၊ တိရစ္ဆာန်အတွက် သောက်သုံးရေအဖြစ် အသုံးပြုရပါတယ်။ အခု ရေတွေကနောက်ကျိနေတော့ အသုံးပြုလို့ မရတော့ဘူး။ ဒီချောင်းရေက အင်းတော်လေး အင်းအတွင်းကို စီးဝင်သွားတာပါ။ အင်းရေလည်း သန့်ရှင်းမှု မရှိတော့တာ တွေ့ရပါတယ်” ဟု နန့်ခင်ကျေးရွာသား တစ်ဦးက ပြောသည်။

### သက်ဆိုင်ရာက ဆောင်ရွက်ပေးရန်

ယခင်ကကဲ့သို့ နန့်ခင်ချောင်းရေ ပြန်လည်ကြည်လင်အေးမြပြီး ဒေသခံပြည်သူများ၊ မြို့နေလူထုများ ချိုးရေ၊ သုံးရေနှင့် တိရစ္ဆာန်များ သောက်သုံးရေအတွက် ပြန်လည်အသုံးပြုလာနိုင်စေရန်နှင့် အင်းရေအနှောင့်အယှက် မဖြစ်စေရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလိုပြုပြင်ဆောင်ရွက်ပေးစေရန် ဒေသခံများက လိုလားလျက်ရှိသည်။

အဆိုပါ နန့်ခင်ချောင်းသည် ကသာမြို့အနီးရှိ ဖက်ဆွပ်တောင်မှ ချောင်းဖျားခံပြီး အင်းတော်လေးအင်းသို့ ဖြတ်သန်းစီးဝင်သွားသော ချောင်းဖြစ်သည်။

**လှိုင်ဘွား(ဗန်းမောက်)**



တရားမဝင်ရွှေတူးဖော်နေခြင်းနှင့် တရားမဝင်ကျောက်သဲများ ထုတ်ယူနေခြင်းများကြောင့် နန့်ခင်ချောင်းရေ နောက်ကျိနေသည်ကို တွေ့ရစဉ်။




# လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်သေဆုံးခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၉**

လူမှုဖူလုံရေးအဖွဲ့က အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် စက်တင်ဘာ ၂၄ ရက်က လုပ်ငန်းခွင်အတွင်း မတော်တဆမှုကြောင့် ထိခိုက်သေဆုံးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော SunJin Livestock Co.,Ltd မှ အာမခံအလုပ်သမား ဦးမျိုးလင်း၏ ကျန်ရစ်သူ အကျိုးခံစားခွင့် စုစုပေါင်း ငွေလုံးငွေရင်းကျပ် ၃၂၄၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးရဲဇော်ဝင်းက ဇန်နဝါရီ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းအစည်းအဝေးခန်းမ၌ ကျန်ရစ်သူ၏ ဖခင် ဦးလင်းလင်း ထံသို့ ပေးအပ်သည်။ (အပေါ်ပုံ)

**သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ။**
**မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ။**

# DENKO ကံစမ်းမဲအစီအစဉ်(ဒုတိယအသုတ်)မှ ကံထူးသူများစာရင်း

Denko Trading Co.,Ltd သည် Denko စက်သုံးဆီ အရောင်းဆိုင်များတွင် အားပေးကြသော Customer များအား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ပြုလုပ်သော(၁၀)နှစ်ပြည့် အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲ(ဒုတိယအသုတ်)ကို ၂၉.၁၂.၂၀၂၁ (ဗုဒ္ဓဟူးနေ့)၊ ရန်ကုန်မြို့ Sky Star Hotel တွင် နေ့လယ် ၁ နာရီမှ စ၍ Denko Trading Youtube Channel နှင့် facebook page တို့တွင် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ပြီး ပွင့်လင်းမြင်သာစွာကျင်းပပြုလုပ်ခဲ့ပါသည်။



## GRAND PRIZE BMW (3) စီး

| စဉ် | ကူပွန်နံပါတ် | အမည် | ဖုန်းနံပါတ် | ဆိုင်ခွဲအမည် |
|---|---|---|---|---|
| ၁ | AQ834216 | ဦးမျိုးလှိုင်ထွန်း | 09-940 XXXX71 | ကုန်းတလပေါင် |
| ၂ | BZ188778 | ဦးနိုင်ဝင်း | 09-894 XXXX63 | ထုံးဘို-(၁) |
| ၃ | BG911856 | ဦးမောင်မောင် | 09- 402 XXXX54 | မြင်းခြံ-(၁) |



## NISSAN SUNNY SL (100) စီး

| စဉ် | ကူပွန်နံပါတ် | အမည် | ဖုန်းနံပါတ် | ဆိုင်ခွဲအမည် |
|---|---|---|---|---|
| ၁ | BY815957 | ဦးငြိမ်းချမ်းမင်း | 09 774XXXX97 | မန္တလေး သိပ္ပံလမ်း |
| ၂ | AG463167 | ဦးစည်သူ | 09 422XXXX20 | ပုသိမ်-(၁) |
| ၃ | BM901512 | ဦးလင်းထက်ဦး | 09 884XXXX13 | လက်ပန်လှ |
| ၄ | BL938952 | ဦးစန်းထွေး | 09 762XXXX75 | လှည်းကူး |
| ၅ | BG714022 | ဒေါင်ဦးမန်း | 09 402XXXX36 | ညောင်ဦး-(၁) |
| ၆ | BV053934 | ဦးသိန်းဆွေ | 09 797XXXX05 | ဝမ်းတွင်း |
| ၇ | CA631199 | ဦးသက်ဇော်လတ် | 09 793XXXX28 | လှည်းကူး |
| ၈ | BN074608 | ဦးကျော်ဇင်မျိုး | 09 425XXXX58 | ဘားအံ-(၂) |
| ၉ | BL249125 | ဦးညွှန့်လင်းအောင် | 09 777XXXX01 | ဖယာန်း |
| ၁၀ | AC659822 | ဦးကျော်မျိုးသွင် | 09 428XXXX19 | လှည်းကူး |
| ၁၀ | AL621970 | ဦးလင်းအောင်ကျော် | 09 252XXXX45 | မအူပင် |
| ၁၂ | AC222122 | ဦးမြင့်ရွှေ | 09 764XXXX75 | သန်လျင်-(၂) |
| ၁၃ | AZ832386 | ဦးမောင်မောင်ဌေး | 09 254XXXX94 | အင်းစိန် |
| ၁၄ | AI867294 | ဦးဝင်းဇော်ဦး | 09 459XXXX62 | လှိုင်သာယာ-(၃) |
| ၁၅ | BC392015 | ဦးသန့်ဇင်ဦး | 09 689XXXX65 | အင်းတော် |
| ၁၆ | AB913681 | ဦးသီဟကျော် | 09 442XXXX94 | လှည်းကူး |
| ၁၇ | AV697039 | ဦးတင်ထွန်းဦး | 09 799XXXX66 | မိတ္ထီလာ-(၂) |
| ၁၈ | BV330239 | ဦးရဲလင်းကျော် | 09 402XXXX29 | ထန်းတပင် |
| ၁၉ | BE733870 | ဦးဇော်ဝဏ္ဏ | 09 442XXXX88 | မြွန်တန်ဆာ |
| ၂၀ | AI593212 | ဦးအောင်ခင်ဆင့် | 09 254XXXX94 | အင်းစိန် |
| ၂၀ | AO176535 | ဦးစန်းဦး | 09 448XXXX98 | နေပြည်တော်-(၁) |
| ၂၂ | AO564465 | ဦးရိုထွန်း | 09 400XXXX68 | မန္တလေး(ရှမ်းကလေးကျွန်း) |
| ၂၃ | BN728452 | ဦးရဲထွဋ်အောင် | 09 780XXXX62 | မတ္တရာ |
| ၂၄ | BW950361 | ဒေါ်ခက်ခက်ထွေး | 09 697XXXX27 | အင်းတော် |
| ၂၅ | AH999946 | ဦးကိုလတ် | 09 258XXXX59 | ဝေါ |
| ၂၆ | BT605610 | ဦးထွန်းထွန်းလင်း | 09 785XXXX46 | မုတ္တမ |
| ၂၇ | AH027466 | ဒေါ်ကျော့ကျော့စံ | 09 450XXXX62 | နေပြည်တော်-(၁) |
| ၂၈ | AN850836 | ဦးကျော်သူ | 09 534XXX 6 | မန္တလေး(၇၈လမ်း) |
| ၂၉ | AA153784 | ဒေါ်ပန်းအိသာ | 09 257XXXX29 | ဖန်းမော်-(၂) |
| ၃၀ | AB094797 | ဦးလင်းဦး | 09 256XXXX52 | မုံရွာ-(၁) |
| ၃၀ | AR055379 | ဦးတင်ထွဋ်ဦး | 09 799XXXX90 | အင်းစိန် |
| ၃၂ | AV655118 | ဦးရဲလင်းထက် | 09 444XXXX08 | ရွှေဘို-(၁) |
| ၃၃ | CC571413 | ဦးဇော်ပိုင် | 09 430XXXX4 | မန္တလေး(၇၈လမ်း) |
| ၃၄ | AW988300 | ဦးစိုးမိုးသူ | 09 797XXXX10 | ထုံးဘို-(၁) |
| ၃၅ | BL523798 | ဦးဝင်းမင်းသန့် | 09 252XXXX00 | လှိုင်သာယာ-(၁) |

| စဉ် | ကူပွန်နံပါတ် | အမည် | ဖုန်းနံပါတ် | ဆိုင်ခွဲအမည် |
|---|---|---|---|---|
| ၃၆ | AE495198 | ဦးမျိုးသူရ | 09 264 XXXX22 | ရွှေပြည်သာ |
| ၃၇ | BR567030 | ဦးစိုးဝင်း | 09 255 XXXX80 | သိမ်ဆိပ် |
| ၃၈ | AJ191906 | ဦးထွန်းလင်း | 09 962 XXXX95 | မန္တလေး(နန်းဦးလွင်) |
| ၃၉ | AC065602 | ဦးစည်သူ | 09 667 XXXX77 | လှိုင်သာယာ-(၃) |
| ၄၀ | AB726717 | ဦးစိုးရွှေ | 09 250 XXXX62 | မြို့ (၁၅မိုင်) |
| ၄၁ | BT760880 | ဦးဝင်းဇော်ထွန်း | 09 400 XXXX60 | စဉ့်ကိုင် |
| ၄၂ | BF784926 | ဦးကျော်လင်းအောင် | 09 266 XXXX22 | ထန်းတပင် |
| ၄၃ | BT735506 | ဦးကျော်သိန်း | 09 254 XXXX17 | ရွှေဘို-(၁) |
| ၄၄ | AL616983 | ဦးကျော်သူ | 09 420 XXXX51 | မြင်းခြံ-(၁) |
| ၄၅ | AT119811 | ဦးဟိန်းပြည့်ထွန်း | 09 792 XXXX35 | နေပြည်တော်-(၁) |
| ၄၆ | BH991241 | ဦးဖိုးထူး | 09 899 XXXX94 | မြို့ (၁၅မိုင်) |
| ၄၇ | BU127232 | ဦးဘိုဘိုထွန်း | 09 503 XXXX | မြောက်ဒဂုံ-(၂) |
| ၄၈ | BB960436 | ဦးဝေမိုး | 09 975 XXXX90 | ဖယာန်း |
| ၄၉ | AK909572 | ဦးဝသုန်ဟိန်း | 09 778 XXXX04 | ကျိုက်ထို |
| ၅၀ | AO369580 | ဦးပိုင်ပိုင် | 09 793 XXXX25 | ဘုရားကြီး |
| ၅၁ | AI282830 | ဦးစိုင်းအောင် | 09 420 XXXX24 | လှည်းကူး |
| ၅၂ | CB246715 | ဒေါ်နန်းဝေမာအေး | 09 252 XXXX23 | မြို့ (၁၅မိုင်) |
| ၅၃ | AU546793 | ဦးတင်နိုင် | 09 252 XXXX72 | လှိုင်သာယာ-(၁) |
| ၅၄ | CE329504 | ဦးလှဝင်း | 09 420 XXXX84 | မြောက်ဥက္ကလာပ |
| ၅၅ | BG297256 | ဦးစိုးမင်းထွန်း | 09 444 XXXX59 | ဟင်္သာတ |
| ၅၆ | AQ762857 | ဦးကိုကိုနိုင် | 09 403 XXXX58 | တောင်ကုတ် |
| ၅၇ | AE607421 | ဦးအောင်ကျော်ဦး | 09 798 XXXX77 | မန္တလေး(ရွှေကျင်ကျောင်းတိုက်ရှေ့) |
| ၅၈ | BK773397 | ဦးမျိုးဝဏ္ဏဦး | 09 764 XXXX42 | အင်းစိန် |
| ၅၉ | AY556257 | ဒေါ်မေစုနိုင် | 09 965 XXXX78 | မန္တလေး(ဆေးအိုးဖို) |
| ၆၀ | AA670022 | ဦးအောင်နိုင် | 09 402 XXXX23 | ညောင်ဦး-(၁) |
| ၆၁ | BQ897902 | ဦးမျိုးမင်း | 09 407 XXXX22 | ဘုရားကြီး |
| ၆၂ | BH229023 | ဦးလှိုင်ဝင်းကျော် | 09 751 XXXX77 | ပင်းတယ |
| ၆၃ | AY550822 | ဦးမောင်ကြိုင် | 09 252 XXXX05 | မန္တလေး(ဆေးအိုးဖို) |
| ၆၄ | CA777195 | ဦးမင်းမင်း | 09 444 XXXX21 | မန္တလေး(ရှမ်းကလေးကျွန်း) |
| ၆၅ | AS959033 | ဦးမိုးဇော် | 09 400 XXXX81 | မုံရွာ-(၃) |
| ၆၆ | BH936747 | ဦးစိုးဝင်း | 09 254 XXXX29 | ထုံးဘို-(၁) |
| ၆၇ | AJ136885 | ဦးဇင်မျိုးနိုင် | 09 250 XXXX80 | တောင်ငူ |
| ၆၈ | AM072462 | ဦးမျိုးဇော်ထွန်း | 09 788 XXXX89 | မန္တလေး(ရှမ်းကလေးကျွန်း) |
| ၆၉ | AC450634 | ဦးကိုဦး | 09 420 XXXX02 | မြောက်ဥက္ကလာပ |
| ၇၀ | CD137010 | ဒေါ်စိုးသန္တာ | 09 457 XXXX03 | သံတွဲ |

| စဉ် | ကူပွန်နံပါတ် | အမည် | ဖုန်းနံပါတ် | ဆိုင်ခွဲအမည် |
|---|---|---|---|---|
| ၇၁ | AN917785 | ဦးပညာဝံသ | 09 798XXXX40 | မိတ္ထီလာ-(၂) |
| ၇၂ | BS563681 | ဦးသက်ကိုဖြိုး | 09 660XXXX88 | အင်းစိန် |
| ၇၃ | AB987783 | ဦးအောင်နိုင်ဦး | 09 691XXXX48 | လှိုင်သာယာ-(၁) |
| ၇၄ | AM442392 | ဦးခမ်းထူး | 09 798XXXX55 | သိမ်ဆိပ် |
| ၇၅ | BS839145 | ဦးသန်းလွင် | 09 780XXXX23 | ရွှေပြည်သာ |
| ၇၆ | BU626087 | ဦးထက်မျိုးအောင် | 09 401XXXX13 | မကွေး-(၁) |
| ၇၇ | AC433764 | ဒေါ်မီးမီးမြင့် | 09 514XXXX | မြောက်ဒဂုံ-(၃) |
| ၇၈ | AC831095 | ဦးကျော်ဝင်း | 09 255XXXX44 | မြို့ (၁၅မိုင်) |
| ၇၉ | AO406166 | ဦးကျော်သူရ | 09 401XXXX15 | မြို့ (၁၅မိုင်) |
| ၈၀ | AA299441 | ဦးထွန်းမြင့် | 09 402XXXX02 | မိုးကုတ် |
| ၈၀ | AL530631 | ဦးပြည့်ဖြိုးဝေယျာ | 09 692XXXX77 | မုံရွာ-(၃) |
| ၈၂ | CE807798 | ဦးမျိုးမင်းပိုင် | 09 896XXXX60 | သထုံ |
| ၈၃ | BA684470 | ဦးဟိန်းအောင် | 09 450XXXX85 | တောင်ငူ |
| ၈၄ | AS994612 | ဦးမောင်ဇော် | 09 781XXXX65 | စစ်ကိုင်း(အုန်းတော) |
| ၈၅ | AP503169 | ဦးဝင်းအောင် | 09 792XXXX11 | မုံရွာ-(၂) |
| ၈၆ | BM429023 | ဦးဝေလင်းမောင် | 09 250XXXX71 | မကွေး-(၁) |
| ၈၇ | BH605392 | ဦးညွန့်ဝင်း | 09 407XXXX88 | ဖန်းမော်-(၂) |
| ၈၈ | BZ243458 | ဦးခေမာဝိဒ | 09 409XXXX63 | တောင်ဒဂုံ |
| ၈၉ | CC372570 | ဦးကိုဖြိုး | 09 947XXXX09 | မြောက်ဒဂုံ-(၂) |
| ၉၀ | AT987429 | ဦးအောင်နိုင် | 09 269XXXX27 | ကုန်းတလပေါင် |
| ၉၁ | AW240462 | ဒေါ်သိမ့်သိမ့်အေး | 09 256XXXX48 | ဝမ်းတွင်း |
| ၉၂ | AN566836 | ဦးမိုးကျော် | 09 262XXXX95 | လားရှိုး |
| ၉၃ | AA690866 | ဦးကိုဇော် | 09 404XXXX11 | ညောင်ဦး-(၂) |
| ၉၄ | BQ438747 | ဦးရှိုင်းကိုကိုလတ် | 09 775XXXX01 | မုတ္တမ |
| ၉၅ | AX629123 | ဦးကျော်မင်းနိုင် | 09 796XXXX54 | မန္တလေး(စွယ်တော်) |
| ၉၆ | BR786938 | ဦးအောင်မင်းနိုင် | 09 750XXXX07 | မြင်းခြံ-(၂) |
| ၉၇ | AU717538 | ဦးကျော်နိုင် | 09 671XXXX36 | လှည်းကူး |
| ၉၈ | AH576655 | ဦးစောဉာဏ်သိန်း | 09 425XXXX46 | ဘားအံ-(၁) |
| ၉၉ | BW151191 | ဦးချမ်းငြိမ်းအောင် | 09 450XXXX30 | ထန်းတပင် |
| ၁၀၀ | BD382124 | ဦးဖိုးဇော် | 09 521XXX 7 | ရွှေညောင် |

## အသိပေးကြေညာခြင်း

ကံစမ်းမဲပေါက်မဲလက်မှတ် ကိုင်ဆောင်ထားသူများသည် ကံစမ်းမဲလက်မှတ်တွင်ဖော်ပြထားသော စည်းကမ်းချက်များအတိုင်း ကံထူးရှင်ရွေးချယ်သည့် နေ့မှစ၍ (၂)လအတွင်း Denko Trading Co.,Ltd ၏ ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၉ ၉၄၀၅၄၇၉၅၇၊ ၀၉ ၄၂၄၁၄၆၂၁၄၊ email address : info@denkogroups.com၊ Denko Trading facebook pageသို့ ဆက်သွယ်၍ ကံစမ်းမဲလက်မှတ် လာရောက်တင်ပြပေးရပါမည်။ သတ်မှတ်ထားသောရက်အတွင်း ကံစမ်းမဲ ပေါက်မဲလက်မှတ် တင်ပြနိုင်ခြင်း မရှိပါက ကံစမ်းမဲလက်မှတ်တွင် ထည့်သွင်းဖော်ပြထားသောစည်းကမ်းချက်များနှင့်အညီ ကံထူးရှင်အဖြစ်မှ ပယ်ဖျက်ပြီး Denko Trading Co.,Ltd ၏ အဆုံးအဖြတ်အတိုင်းသာ ပြုလုပ်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

DENKO
Denko Trading Co.,Ltd.

## တပ်မတော်(လေ)
## စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးစစ်သည်များ အလိုရှိသည်

၁။ တပ်မတော်(လေ)တွင် အောက်ဖော်ပြပါ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးစစ်သည်များအဖြစ် အမှုထမ်းရန် လျှောက်ထားနိုင်သည်-

| ပညာသည်အုပ်စု | | လိုအပ်သောအရည်အချင်း |
|---|---|---|
| (က) အုပ်စု(စက်မှုလက်မှု) | - | တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများဖြစ်ရမည်။ |
| | - | စက်မှုလက်မှုအထက်တန်းကျောင်းအောင်မြင်သူများဖြစ်ရမည်။ |
| | - | အေဂျီတီအိုင်ကို စက်မှု(စွမ်းအား) စက်မှု(ပုံစံပြု) သတ္တုဗေဒ၊ လျှပ်စစ်စွမ်းအား၊ အီလက်ထရွန်နစ်၊ ကွန်ပျူတာဘာသာရပ်များဖြင့် အောင်မြင်ပြီးသူများအား တပ်သားသစ် သင်တန်းတက်ရောက်အောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့်ဖြင့်ခန့်အပ်မည်။ |
| (ခ) အုပ်စု(အုပ်ချုပ်ရေး) | - | အ၄မတန်းအောင် |
| (ဂ) အုပ်စု(အုပ်ချုပ်ရေး) | - | ဆ၄မတန်းအောင် |

၂။ လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။
(ခ) လျှောက်ထားချိန်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ၂၅ နှစ်ထက်မကြီးစေရ။
(ဂ) အရပ် ၅ ပေ ၂ လက်မနှင့် ကိုယ်အလေးချိန် ၁၀၅ ပေါင်နှင့်အထက်ရှိရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ တစ်ပါတည်းယူဆောင်လာရမည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။
(ခ) ပညာအရည်အချင်းအတွက် ကျောင်းထွက်လက်မှတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/ဘွဲ့လက်မှတ်(မူရင်း)။
(ဂ) မိမိနေထိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းတို့မှ လတ်တလောရယူထားသော ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)။
(ဃ) အိမ်ထောင်စုဝင်စာရင်း(မူရင်း)။
(င) လိုင်စင်ဓာတ်ပုံ ၆ ပုံ။

၄။ ရရှိမည့်အကျိုးကျေးဇူးများ
(က) နေအိမ်၊ ရေ၊ မီး၊ စစ်ဝတ်၊ ရိက္ခာ၊ ဆေးကုသခွင့် အခမဲ့ရရှိမည်။
(ခ) တာဝန်ဖြင့် ခရီးသွားပါက လေယာဉ်၊ မီးရထား၊ သင်္ဘောဖြင့် အခမဲ့စီးနင်းခွင့်ရှိသည်။

၅။ အနာဂတ်အခွင့်အလမ်းများ
(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးစစ်သည်များနှင့် တက္ကသိုလ်ဘွဲ့ရစစ်သည်များသည် သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဗိုလ်လောင်းသင်တန်းခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်းလျှောက်ခွင့်ပြုမည်။
(ခ) လေယာဉ်သားလုပ်ငန်းများဖြစ်သော လေကြောင်းအချက်ပြ၊ လေကြောင်းစက်ပစ်သမားနှင့် လေကြောင်းလမ်းပြလုပ်ငန်းများသို့ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိလျှင် သင်တန်းတက်ရောက်ခွင့်ရရှိမည်။
(ဂ) စက်မှုလက်မှုစစ်သည်များအနေဖြင့် ခေတ်မီလေကြောင်းဆိုင်ရာ စက်မှုနည်းပညာရပ်များကို ဆည်းပူးလေ့လာခွင့် အခွင့်အရေးများကိုရရှိမည်။ နိုင်ငံခြားမှခေါ်ယူမည့်သင်တန်းများရှိပါက သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိလျှင် သင်တန်းတက်ရောက်ခွင့်ရရှိမည်။

၆။ တပ်မတော်(လေ)သို့ ဝင်ရောက်အမှုထမ်းလိုသူများနှင့် အသေးစိတ်အချက်အလက်စုံစမ်းလိုသူများသည် လစဉ်သင်တန်းဖွင့်လှစ်လျက်ရှိသဖြင့် စစ်သားစုဆောင်းရေးတပ်(လေ)(ဖုန်း-၀၃၁-၃၅၁၆၉၊ ၀၉၈၈၉၀၉၀၃၃၃၀၊ ၀၉၇၇၅၀၈၆၆၇၁)ပြည်လမ်း(ထန်းပင်ကုန်းမှတ်တိုင်အနီး)မင်္ဂလာဒုံနှင့် လေတပ်စခန်းဌာနချုပ်/လေတပ်စခန်း/အုပ်/တပ်များတွင် ဆက်သွယ်စုံစမ်းမေးမြန်းဝင်ရောက်နိုင်သည်။

၇။ "တောင်ပံဖြန့်ချီ အောင်ပွဲဆီသို့" ဟူသည့်ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်လေကြောင်းစွမ်းအား တည်ဆောက်နိုင်ရန် သင့်အား တပ်မတော်(လေ)မှ အလိုရှိပါသည်။

## ကုန်အမှတ်တံဆိပ် အသိပေးကြော်ငြာချက်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ၁၉ လမ်း၊ အမှတ် (၄၄)နေ ဒေါ်ခိုင်လေးမွန် ၁/ဗမန (နိုင်)၀၄၁၉၃၆သည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် ပြည်မြန်မာ(PYI MYANMAR)(၃၃၀/၂၀၁၇)(၃၁-၈-၂၀၁၇)၊ မိုက်တီးလေး(၂၃၅/၂၀၂၀)(၂၉-၉-၂၀၂၀)၊ ပျားဘုရင်မ(၁၆၈/၂၀၂၁) (၉-၁၂-၂၀၂၁)ရက်တွင် တရားဝင်မှတ်ပုံတင်သွင်းပြီး အဆိုပါကုန်အမှတ်တံဆိပ်အမည်များကို အသုံးပြု၍ ကိတ်နှင့်မုန့်မျိုးစုံကို ထုတ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ပြည်မြန်မာ



မိုက်တီးလေး



ပျားဘုရင်မ

အထက်ပါကုန်အမှတ်များနှင့်ပတ်သက်၍ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ယောင် ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်းမပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်လေးမွန် ၁/ဗမန(နိုင်)၀၄၁၉၃၆**
**အမှတ်(၄၄)၊ ၁၉ လမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၂၅၆၄၂၈၇၅၇**

## Daung Capital Company ၏
## အရောင်းကိုယ်စားလှယ်များသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အင်း၀(၃)လမ်း၊ အမှတ်(၁၂၆၀)ရှိ Daung Capital Co.,Ltd နှင့် အရောင်းကိုယ်စားလှယ်များအကြား ချုပ်ဆိုထားသော သဘောတူစာချုပ်အရ အောက်ဖော်ပြပါ အရောင်းကိုယ်စားလှယ်များသည် Daung Capital Co.,Ltd နှင့် စာရင်းရှင်းလင်းရန် ကျန်ရှိနေပါသေးသဖြင့် **ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း** လာရောက်ဆက်သွယ်ညှိနှိုင်းစာရင်းရှင်းလင်းပေးပါရန်နှင့် လာရောက်ဆက်သွယ်ရှင်းလင်းခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | ဆိုင်အမည် | ဆိုင်တည်ရှိသည့်မြို့နယ် |
|---|---|---|---|
| ၁ | ဦးကျော်တင့် | အာကာကျော် ဆိုင်ကယ်အရောင်းဆိုင် | ကျိုက်ထို |
| ၂ | ဦးအောင်နိုင်လင်း | GG Group ဆိုင်ကယ်ရောင်းဝယ်ရေး | တွံတေး |
| ၃ | ဦးခန့်ဇော်မောင် | Golden Road ဆိုင်ကယ်ရောင်းဝယ်ရေး | ဝမ်းတွင်း |
| ၄ | ဦးမြတ်သူဦး | ကိုမင်းမင်း ဆိုင်ကယ်အရောင်းပြခန်း | ပန်းတနော် |
| ၅ | ဒေါ်လှလှမိုး(ခ)မကြီးမ | ကိုငယ်+မကြီး ဆိုင်ကယ်ရောင်းဝယ်ရေး | မိတ္ထီလာ |
| ၆ | ဦးပေါ်လွင် | လွင် ဆိုင်ကယ်ရောင်းဝယ်ရေး | ရမည်းသင်း |
| ၇ | ဦးဝဏ္ဏထွန်း | ရွှေရတုအောင် ဆိုင်ကယ်အရောင်းဆိုင် | ဆိပ်ဖြူ |
| ၈ | ဦးကျော်လင်းနိုင် | စိုးစံ ဆိုင်ကယ်မျိုးစုံရောင်းဝယ်ရေး | ရွှေကူ |
| ၉ | ဦးဇော်ရဲအောင် | Super Sky ဆိုင်ကယ်အရောင်းဆိုင် | ကျောက်တန်း |
| ၁၀ | ဦးဟိန်းဆက်အောင် | Zone ဆိုင်ကယ်အရောင်းဆိုင် | ပဲခူး |
| ၁၁ | ဦးထွန်းထွန်း | ကိုထွန်းထွန်း ဆိုင်ကယ်အရောင်းဆိုင် | အုတ်တွင်း |

**Daung Capital Co.,Ltd ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ချိုအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၂၅၀၂၃၃၂၃၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်(၇၁)ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့် (၈ထပ်ခွဲ)တိုက်၏ ဒုတိယထပ်(၃လွှာ) တိုက်ခန်း၊ (အလျားပေ၆၀xအနံပေ၃၀) အကျယ်အဝန်းရှိသော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်မြင့်မြင့်ခိုင် ၁၂/ကတတ(နိုင်)၀၀၃၁၅၀ မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်မ ဒေါ်မြင့်ကြူ ၁၃/တကန(နိုင်)၀၆၇၂၀၀က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်ကြူ**
**ဖုန်း-၀၉-၇၅၉၇၈၁၄၉၆**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသုံးပြုရန် မလိုအပ်တော့သည့် ပစ္စည်းအဟောင်းဖြစ်သော သံတိုင်ကီအဟောင်းများ၊ ဘက်ထရီအိုးအဟောင်းများ၊ ဖန်ပုလင်းအဟောင်းများ၊ အက်စ်တလင်းဓာတ်ငွေ့အိုးအဟောင်းများ၊ Wire Sling နှင့် ဆက်စပ်သံထည်ပစ္စည်းအဟောင်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၁၁-၂-၂၀၂၂ ရက် ၁၃:၀၀နာရီတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၁၂-၁-၂၀၂၂ ရက်မှ ၉-၂-၂၀၂၂ ရက်အထိ ရုံးဖွင့်ရက်/ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### သင်္ဃန်းကျွန်းမြို့နယ်တရားရုံး
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁

| ဒေါ်ခင်မိမိစိုး | နှင့် | ဒေါ်အမ်ဂျေမေရီ |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက် (၁၃၈၃ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဂုဏ်ရည်)**
**မြို့နယ်တရားသူကြီး**
**သင်္ဃန်းကျွန်းမြို့နယ်တရားရုံး**

## သက်ဆိုင်သူများသိရှိနိုင်ရန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ ခိုင်သဇင်(၃)လမ်း၊ မြေကွက်အမှတ်-၅၁၁/က၊ အကျယ် (၂၃ပေx၆၀ပေ)ရှိ အိမ်ခြံမြေကို နှစ်(၆၀) ဂရန်အမည်ပေါက် ဒေါ်သန်းမြထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သောကြောင့် ယနေ့မှ (၇)ရက်အတွင်း လာရောက်ဆက်သွယ်၍ မှတ်ပုံတင်အရောင်းစာချုပ်ပြုလုပ်ချုပ်ဆိုပေးပါရန်နှင့်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမွန်**
**(အမှတ်-၅၁၈/ခ၊ ကျောင်းလမ်း၊ ၁၉ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၄၂၀၀၀၆၇၁၊ ၀၉-၄၅၀၀၄၁၂၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၁၀၀၉(ခ)၊ မြေအကျယ်(၂၀ပေ ၆လက်မx၆၀ပေ)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက၊ ၁၂၃၀စတုရန်းပေရှိ မြေကွက်မှာ ဒေါ်ညွန့် (CJ-၀၁၃၈၁၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ဟုဆိုသည့် မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ (၁) ဦးသက်လင်းထွန်း ၁၁/တကန(နိုင်) ၀၅၉၈၄၄)၊ (၂)ဒေါ်ခင်ဇာလင်း ၁၁/တကန(နိုင်)၀၆၇၁၄၇ တို့ထံမှ ကျွန်ုပ်ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူပြီးဖြစ်ပါသည်။ ထို့ကြောင့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရွှေနိုင်ထွန်း**
**၅/ယမပ(နိုင်)၀၈၅၆၄၄**
**အမှတ်-၉၀၆(ခ)၊ ဇီဇဝါလမ်း၊ (၂၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၆၄၄၉၁၆၉၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ (ဘ) ဦးမောင်တူး၏သမီးဖြစ်သူ ဒေါ်မြင့်ငွေး(ခ)ဒေါ်မြင့်မြင့်ငွေး ၉/သစန(နိုင်)၀၀၇၁၆၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြင့်ငွေး(ခ)ဒေါ်မြင့်မြင့်ငွေး**
**၉/သစန(နိုင်)၀၀၇၁၆၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/98283, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၉/မနမ(နိုင်)၀၂၂၈၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/10331 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပိုင်စိုး ၁၂/အလန(နိုင်) ၀၄၆၅၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)၊မအူပင်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကိုးအိမ်စုလမ်း၊ မဟာမြိုင်ရပ်ကွက်၊ (L-15 G)နေ ဒေါ်နီနီသန်း ၁၀/မလမ(နိုင်)၁၁၃၈၈၆ ၏သား မောင်အယ်လ်ဘိုဒွန်း ၁၀/မလမ(နိုင်)၂၃၁၇၉၀သည် မိဘ၏ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်အယ်လ်ဘိုဒွန်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နီနီသန်း ၁၀/မလမ(နိုင်)၁၁၃၈၈၆**
**မဟာမြိုင်ရပ်ကွက်၊ L-15G၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၁)၊ မြေကွက်အမှတ်(၅၀၄)ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၆၂ ဧက၊ အလျား ၄၅ ပေ x အနံပေ ၆၀ ကျယ်ဝန်းသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ဖြစ်သူ ဒေါ်အိသိင်္ဂီထွန်း ၁၂/ဒလန(နိုင်)၀၃၇၈၆၁ မှ တရားဝင်ပိုင်ဆိုင်ကြောင်း၊ လက်ဝယ်ထားရှိကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေး၊ ပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နှင်းအေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၈၇/၁၇)**
**အမှတ်-၁၀၄၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၉၅၇၃၇၂၉၉**

## ကန့်ကွက်ကြော်ငြာ

ရန်ကုန်မြို့၊ တိုက်အမှတ်(၁၄)၊ အခန်း(A)(4)မြသီရိလမ်း အမှတ်(၃၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်တိုက်ခန်းအား တိုက်ခန်းပိုင်ရှင် ဒေါ်မာလာ ၁၂/ရကန(နိုင်) ၀၄၅၅၉၀ ထံမှ ဒေါ်ကေသီမြ ၁၂/မရက(နိုင်)၁၁၂၈၁၅ သည် အထက်ပါတိုက်ခန်းအား ကျပ်သိန်း ၄၃၀ (လေးရာ့သုံးဆယ်သိန်း)ကျပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ပြီးစီးခဲ့၍ ၈-၁-၂၀၂၂ ရက်တွင် စရန်ငွေတစ်ချို့ကို သိန်း ၃၀ (၃၀၀၀၀၀၀) ပေးအပ်ခဲ့ပါသည်။ သို့ပါ၍ ဤတိုက်ခန်းနှင့်ပတ်သက်၍ အမွေစား၊ အမွေခံ၊ အပေါင်အနှံ၊ အရှုပ်အရှင်း ရှိပါက စရန်ငွေပေးသည့်နေ့ ၈-၁-၂၀၂၂ ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်မည့်သူရှိပါက လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဆက်သွယ်ရန်**
**ဒေါ်ကေသီမြ**
**၁၂/ရကန(နိုင်)၀၄၅၅၉၀**
**ဖုန်း-၀၉-၄၃၁၄၀၉၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ဃ/၃၇၄၄၈, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုလှိုင်နှင်း ၉/အမဇ(နိုင်)၀၄၀၈၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ၊ (၇)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၁၀)ဟုခေါ်တွင်သော အကျယ်အဝန်း (၃၀x၅၀)ပေရှိ ဒေါ်ဘေဘီမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ် အိမ်အဆောက်အအုံတို့ကို ရောင်းသူ ဒေါ်ဘေဘီမြင့် ၁၂/ဗတထ(နိုင်)၀၂၂၆၁၄က ရောင်းချလိုကြောင်း ဝယ်ယူသူများသို့ ကမ်းလှမ်းခဲ့ပြီး ၊ အိမ်ခြံမြေနှင့် ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်မြသူဇာ ၁၂/ဥကမ(နိုင်)၁၄၈၈၇၉နှင့်ဒေါ်အိကေသွယ် ၁၂/ဥကမ(နိုင်)၁၈၀၂၅၆ တို့မှ ၂၈-၁၂-၂၀၂၁ရက်တွင် စာချုပ်ပါ အသိသက်သေများရှေ့မှောက်၌ အရောင်းအဝယ်စာချုပ်ဖြင့် ငွေအပြေအကျေ ပေးချေပြီး အပြီးအပိုင်လက်ရောက် ဝယ်ယူလိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၀၃၇၉/၂၆-၂-၂၀၁၅**
**အမှတ်(၄၈၃)၊ မြရတနာ(၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၁၁၂၁၀၄၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ဘုရားထူးရွာနေ ဦးထွန်းရွှေ ၅/ငဇန(နိုင်)၀၄၅၈၁၀-ဒေါ်ရင်မြ ၅/ငဇန(နိုင်)၀၄၅၈၀၃ တို့၏ သား မောင်ခိုင်ဇော်ဦးသည် မိဘနှင့် ညီမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ကိုယ်ထိလက်ရောက်ပြုမူလာပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းရွှေ-ဒေါ်ရင်မြ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဘုန်း(ခ)Marcus ဖိုးဝန်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ ဒေါ်အောလစ်ချို၏ ချစ်လှစွာသောခင်ပွန်း ဦးမင်းမင်း (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်)၊ (ဒါရိုက်တာအဖွဲ့ဝင်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်)-ဒေါ်မာယာဘုန်းတို့၏ မွေးသဖခင် ဦးတင်ဘုန်း(ခ) Marcus ဖိုးဝန် အသက်(၈၄)နှစ်သည် ၇-၁-၂၀၂၂ရက်(သောကြာနေ့) နံနက် ၆:၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဒါရိုက်တာအဖွဲ့နှင့် ဘဏ်ဝန်ထမ်းများ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

## ဦးထွန်းမြအောင်
### အသက်(၄၅)နှစ်

(ဦးဝင်း-ဒေါ်မြခင်)၊ (ဦးလှကြူး-ဒေါ်စောနွဲ့ဦး)တို့၏မြေး၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၁၀)နေ (Dr. ဦးလှမြင့်အောင်) -ဒေါ်သန်းသန်းစည်တို့၏သားကြီး၊ ဦးဉာဏ်လင်းအောင်-ဒေါ်ဝေနှင်းအောင်၊ ဒေါ်ခိုင်ဝတ်မှုံတို့၏အစ်ကိုကြီး၊ မချစ်နှင်းသစ္စာနှင့်မောင်ဒီ ဉာဏ်ထက်အောင်တို့၏ဘကြီး ဦးထွန်းမြအောင်သည် ၈-၁-၂၀၂၂ရက်(စနေနေ့) ညနေ ၄:၂၀နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပြီး ဖြစ်သောကြောင့် ၁၀-၁-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရ(၁၅/ခ)လမ်း၊ အမှတ်(၁၁၁၈)ပေါ်ရှိ (၆)ထပ် အဆောက်အအုံ၏ ထပ်ခိုးအပါမြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၃'၅"x၅၄')ရှိ တိုက်ခန်းနှင့် ရေ/မီး မီတာအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်အိဇူဇံ ၁၃/မဖန(နိုင်) ၀၂၂၁၄၉ထံမှ ကျွန်ုပ် တို့၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ပွင့်ဝါဦး(ခ)ပွင့်ဝါဖူး(LL.B)** (စဉ်-၅၁၇၃၇/၂၀၁၉)
**ဒေါ်သိမ့်ဇာနည်အောင်(LL.B)** (စဉ်-၄၈၂၂၈/၂၀၁၆)
**ဒေါ်ယဉ်မေသိမ်း(ခ) မြတ်စုရည်(LL.B,M.A (Business Law)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၃၉/၂၀၁၇)
**အထက်တန်းရှေ့နေများ**

**YIN MAY THEIN AND ASSOCIATES LEGAL SERVICES**
**အမှတ်(၂/၄၆)၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၈၆၁၀၇**

## မိဘအမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ မူဆယ်ခရိုင်၊ ဟိုမွန်ရပ်ကွက် အမှတ်(၂) အထက သတ္တမတန်းမှ ပညာသင်ကြားခဲ့သော မောင်ဆုထူးမောင်နှင့် စတုတ္ထတန်းမှ မောင်ပြည်စိုးဖေတို့၏ မိဘအမည်မှန်မှာ ဦးမျိုးကို ၅/မမတ(နိုင်)၀၅၇၀၀၀-ဒေါ်စုလှိုင်ထွန်း၉/မထလ(နိုင်)၂၂၉၀၇၄တို့ဖြစ်ပါကြောင်း။

**ဦးမျိုးကို-ဒေါ်စုလှိုင်ထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်(၂၇)ရွာသစ်ကွင်း၊ ဦးပိုင်အမှတ်(၁၆၃/၄၀၉)၊ မြေဧရိယာ (၀ဒသမ၀၄၁)ဧကရှိ မြေကွက်အား မြေငှားဂရန်အမှတ်အမှတ်(၁၄၄/၁၉၉၇-၁၉၉၈)အရ ဦးမြင့်ဌေး၊ ဒေါ်သင်းသင်းဝေ အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး (၁၉-၅-၂၀၂၁)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဦးမြင့်ဌေး ၆/မအရ(နိုင်) ၀၂၅၄၁၁၊ ဒေါ်သင်းသင်းဝေ ၆/မအရ(နိုင်) ၀၂၅၃၄၇တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့် ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၃၇၊ ကုန်းဖောက်ကွင်း၊ ဦးပိုင်အမှတ် ၇၄၈၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အား မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁-၃-၂၀၁၁ရက် စွဲပါ စာအမှတ် ၇၇/၄/၁-၁၂/ခယက(မြိတ်)အရ ဦးမင်းလွင်ဦး၊ မမွန်ဇင်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား စက်မှု/စီးပွားမြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးမင်းလွင်ဦး ၆/မအရ(နိုင်)၀၁၂၄၉၃၊ ဒေါ်မွန်ဇင်ဝင်း ၆/မမန(နိုင်)၁၅၀၁၅၆ တို့မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ စ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးလှထွန်း
### မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၅၀၊ မြေညီထပ်)နေ (ဦးပု-ဒေါ်လီလီ)တို့၏သား၊ (ဒေါ်တင်တင်လှိုင်)(မြန်မာ့အာမခံလုပ်ငန်း-ငြိမ်း)၏ခင်ပွန်း၊ (ဦးဝင်းသိန်း-ဒေါ်အေးကြည်)တို့၏အစ်ကို၊ ဦးသန်းဝင်း (နယ်လှည့်စာရင်းစစ်ရုံး၊ ရန်ကုန်(က)၊ ကကငွေ)-ဒေါ်မို့မို့သွင်၊ ဒေါ်သန်းသန်းဌေး (Seven O Two Mart)(ကကငွေ-ငြိမ်း)တို့၏မွေးသဖခင်၊ ဦးညီညီဝင်း၊ ဒေါ်သော်သော်ဝင်း(ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မြန်မာစာဌာန)တို့၏ဘကြီး၊ ကိုမြတ်ကောင်းထက်၊ မသက်ထားဆွေ၊ မစောယုနန္ဒ၊ မောင်ရှိန်းထက်၊ မောင်ဖွဲ့ထက်တို့၏အဘိုး ဦးလှထွန်းသည် ၆-၁-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၅:၂၀နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ခင်သန်း
### (စ.စ.စ-ငြိမ်း)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ် ၆၉(မြေညီ)နေ (ဦးဘမောင်-ဒေါ်မော်လီ)တို့၏သမီး၊ ဦးခင်မောင်ကျော်၏ ဇနီး၊ ဒေါက်တာသိမ့်ဟေမာန်ကျော်၊ မောင်ထူးပြည့်ကျော်တို့၏မိခင် ဒေါ်ခင်ခင်သန်းသည် ၉-၁-၂၀၂၂ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁-၂၀၂၂ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

ဦးမျိုးကို ၅/ မမတ(နိုင်)၀၅၇၀၀၀၏သား မိတ္ထီလာမြို့၊ အထက(၁) အဋ္ဌမတန်း(A) မှ မောင်ဆုထူးမောင်အား မောင်ထူးအံ့လွင်ဟုလည်းကောင်း၊ ပဉ္စမတန်း(B) မှ မောင်ပြည်စိုးဖေအား မောင်မျိုးသန့်ကို ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးဝေယံဖြိုး ၁၂/ဥကမ(နိုင်)၁၉၇၅၂၁ ၏သမီး အမက(၁၂) Grade-3(B) မှ မမေမြတ်နိုးခင် အား မမေမိုးသွယ် ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၄)၊ သန်လျင်မြောက်ကွင်း၊ ဦးပိုင်အမှတ်(၃၉/ခ)၊ ဧရိယာ ၅ဒသမ ၃၅ဧက အနက်မှ နောက်တိုး၊ တိုးချဲ့မြေကွက်အမှတ်(၆၆/၆၇)အမည်တွင်သည့် ပေ (၈၀ x ၆၀) အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသန်းထိုက် ၁၂/သလန(နိုင်)၀၈၉၈၂၉မှ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချခွင့် ရှိကြောင်းဝန်ခံပြောဆိုလျက် ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၈၄၂၃၇၉၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးကျေးရွာ၊ (၈)ရပ်ကွက်၊ အမှတ် (၉၀)၊ မြေအကျယ် (၅၇)ပေ (၄)လက်မ၊ အနောက်ဘက်(၄၃)ပေ၊ တောင်ဘက်(၁၈၄)ပေ၊ မြောက်ဘက်(၁၈၄)ပေ (ဦးအတေး အမည်ပေါက်မြေကွက်မြေခွန်ပြေစာ)ရှိ မြေကွက် နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဓနိဖက်မိုး၊ ပျဉ်ခင်း၊ အုတ်ကာတစ်ထပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သီတာထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့လွင် ၁၀/ခဆန(နိုင်) ၀၇၉၇၆၅မှ စာချုပ်စာတမ်းများဖြင့် အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသည်။ ဤအရောင်း အဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်မို့မို့လွင်၏လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မို့မို့လွင်** | **ဒေါ်ချို့နွယ်စိုး(LL.B)** |
| **၁၀/ခဆန(နိုင်) ၀၇၉၇၆၅** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၀၀)** |
| **အိမ်အမှတ်(၉၀)၊ (၈)ရပ်ကွက်၊** | **ယာဉ်ထိန်းရဲဝင်း၊ ဒိုင်းဝန်ကွင်း** |
| **မုရစ်ကလေးကျေးရွာ၊** | **ရပ်ကွက်၊ မော်လမြိုင်မြို့** |
| **ချောင်းဆုံမြို့နယ်** | **ဖုန်း-၀၉-၇၉၈၀၄၈၂၅၅** |
| **ဖုန်း-၀၉-၇၆၄၀၄၂၈၂၃** | |

## ဒေါ်လှတင့်(ဒေးဒရဲ)
### B.A,(History)
### လယ်/စိုက်/ရှင်း (အငြိမ်းစား)
### ဥက္ကဋ္ဌ၊ သီလရှင် ဆေးရုံထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ
### (ဇီဝိတဒါန သံဃာ့ဆေးရုံကြီး)(ရန်ကုန်)
### အသက်(၈၈)နှစ်

ဒေးဒရဲမြို့နေ (ဦးစိန့်-ဒေါ်မြညွန့်)တို့၏သမီး၊ ဖျာပုံမြို့နေ (ဦးဘကျော်-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ (ဦးသန်းမောင်-ဒေါ်သန်းကြည်) ၊ ဒေါ်လှရီ၊(ဦးမြသောင်း-ဒေါ်လှမြင့်)၊ (ဦးလှိုင်မြတ်ထွဋ်-ဒေါ်အေးကျင်)-ဒေါ်သန်းခိုင်၊ (ဦးကျော်သန်း-ဒေါ်သိန်းသိန်း)တို့၏အစ်မ၊ (ဦးမောင်မောင်၊ ဖျာပုံ)၏ ချစ်လှစွာသော ဇနီး၊ ဦးအောင်မျိုးတင့်-ဒေါက်တာခင်မြင့်ဝေ၊ ဒေါ်ခင်မမအောင်၊ (ဦးမိုးမြင့်အောင်)-ဒေါ်ခင်မျိုးအေး၊ ဦးအောင်စိုးတင့်-ဒေါ်သူဇာနိုင်၊ ဒေါ်တင်မမအောင်၊ ဒေါ်မိုမိုအောင်တို့၏ ချစ်လှစွာသော မိခင်၊ မမိုးပြည့်ခင်၊ မသုခခင်တို့၏ အဘွားသည် ၉-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၁-၂၀၂၂ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား ၊ ရဟန်း ၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သန်း(ခ)ဦးရွှေအိုး
### အသက်(၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ်(၄၆)နေ (ဦးစိုး-ဒေါ်ကျင်သန်း)တို့၏သား၊ ဒေါ်စန်းစန်းနု၊ ဦးထွန်းထွန်း-ဒေါ်မိသီ၊ ဦးသူရစိုး(ဦးစီးအရာရှိ၊ မြို့နယ်စီမံကိန်းဦးစီးရုံး၊ မှော်ဘီမြို့)-ဒေါ်အေးယုမော်တို့၏အစ်ကို၊ မအိမ့်ယွန်းယမုံ၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်အေးအေးမွန်)-ဒေါ်စုစုခိုင်တို့၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၁-၂၀၂၂ရက် (စနေနေ့) နံနက် ၄:၁၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၁-၂၀၂၂ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

မိုးမောက်မြို့နယ်၊ အထက(မန်နောင်) ကျောင်း Grade-6 မှ မောင်ဟိန်းပြည့်သူအား မောင်ဇော်ရဲရင့်နောင် ဟုပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်ဇော်ရဲရင့်နောင်**
**(မန်နောင်ကျေးရွာ)**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မောင်တောမြို့၊ မြို့မအနောက်ရပ်ကွက်နေ အလကခွဲ(၁) အဋ္ဌမတန်းမှ သီဟတင်မြင့်၏ အမည်မှန်မှာ ဖောရ်ဘေခါန် ဖြစ်ပြီး ဖခင်အမည်မှန်မှာ မာမောက်ခန့်ဖြစ်ပါကြောင်း။

**ဖောရ်ဘေခါန်၊ မာမောက်ခန့်**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့နယ်၊ နန္ဒဝန်ရပ်ကွက်နေ မမီမီဇော် (ဘ)ဦးချော(ခ)ဦးမိုးဇော် ၅/မရန(နိုင်)၂၇၃၇၉၄ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၄၆၃၁၃၃၆၅**

## မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်

မောင်တောမြို့၊ မြို့မနောက်ရပ်ကွက်နေ အထကခွဲ(၂) အဋ္ဌမတန်းမှ ဂျူမာလီယာ(ခ)ခင်ခင်မြင့်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၂-၂၀၀၄ဖြစ်ပြီး ဖခင်အမည်မှန်မှာ မာမောက်ခန့်ဖြစ်ပါကြောင်း။ **ဂျူမာလီယာ(ခ)ခင်ခင်မြင့်**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

လှည်းကူးမြို့၊ မြို့ပတ်လမ်းနေ ဦးအောင်ရှိန်၏သမီး အမည်မှန်မှာ မမြင့်မြင့်စန်း ၁၂/လကန(နိုင်) ၀၀၀၃၂၉ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၅-၆-၁၉၇၃)ဖြစ်ပါကြောင်း။

**မမြင့်မြင့်စန်း**

## ပျောက်ဆုံးကြောင်း

ဦးအောင်မြင့်ဦး အမည်ပေါက် ယာဉ်အမှတ် ၆ခ/၆၈၃၄ ကားအပ်နှံစလစ် သံရည်ကျို ပုံစံ(ဃ) မူရင်း(စ) မူရင်းပျောက်ဆုံးသွားပါသဖြင့် ဆက်သွယ်ပေးပါရန်။

**ဦးအောင်မြင့်ဦး**
**ဖုန်း- ၀၉-၂၀၀၇၂၅၃**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက်၊ အမက မူလွန်ကျောင်း Grade-8မှ မောင်ရာဇာဟိန်းနှင့် သင်ရိုးသစ် Grade- 6 မှ မယွန်းနဒီခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းလင်းအောင် ၅/ ကဘလ(နိုင်)၂၅၀၁၁၂ ဖြစ်ပါကြောင်း။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် ၁၂ ရပ်ကွက်၊ အိမ်အမှတ် ၃၅၈နေ ဦးမောင်မောင်-ဒေါ်ကြည်အေး ၉/မခန(နိုင်)၀၂၁၃၆၆ တို့၏ သမီးဖြစ်သူ မမြတ်ဆုလှိုင် ၉/မခန(နိုင်) ၁၆၃၀၁၆ သည် မိဘများ၏ ဆိုဆုံးမခြင်းကို နားမထောင်ဘဲ စိတ် ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်း ခြင်းသည်းခံပါ။)

**ဦးမောင်မောင်-ဒေါ်ကြည်အေး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၃၇၊ ကုန်းဖောက်ကွင်း၊ ဦးပိုင်အမှတ် ၇၄၉၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အား မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁-၃-၂၀၁၁ရက်စွဲပါ စာအမှတ် ၇၈/၄/၁-၁၂/ခယက(မြိတ်)အရ ဦးမင်းလွင်ဦး၊ မမွန်ဇင်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား စက်မှု/စီးပွားမြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးမင်းလွင်ဦး ၆/မအရ(နိုင်)၀၁၂၄၉၃၊ ဒေါ်မွန်ဇင်ဝင်း ၆/မမန(နိုင်)၁၅၀၁၅၆ တို့မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ စ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကြေညာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြိတ်မြို့**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဇောတိက(၂)လမ်း၊ မြေကွက်အမှတ် (၃၆၉) ဟုခေါ်တွင်သော မြေအလျား x အနံ(၆၆'x၉၆')ရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော ၁။ ဦးခိုင်စိုးသိန်း၊ ၂။ ဦးအောင်စိုးမြင့်၊ ၃။ ဒေါ်ခင်ဌေးစိုး၊ ၄။ ဦးကျော်စိုးသန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နိုင် ၁၃/နဆက(နိုင်) ၀၀၀၆၈၁၀က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော်(စဉ်-၁၄၆၉၈)(LL.B,D.B.L,D.M.L)(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## အများသိစေရန် ကြေညာခြင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်၊ သုခမိန်လမ်းနေ ဦးသန်းစိန်-ဒေါ်သန်းရင်တို့၏ မြေးဖြစ်သူ၊ မောင်ခန့်ဇင်မင်း ၉/ကပတ(နိုင်) ၂၆၆၆၄၄(ဘ)ဦးဆန်းမင်းဦး သည်အဘိုး၊ အဘွားနှင့် ဦးလေး၊ အဒေါ်တို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူနေပါသဖြင့် ယနေ့မှစ၍ သားမြေးအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းစိန်-ဒေါ်သန်းရင်**
**လွှတ်လပ်ရေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့**

ယနေ့ မာ တိ ကာ

**ပါကစ္စတန်၌ နှင်းမုန်တိုင်းကြောင့် ကားအစီးရေ ၁၀၀၀ ပိတ်မိနေပြီး လူ ၂၂ ဦးသေဆုံး**

နိုင်ငံတကာသတင်း စာ - ၁၃

**သံဖြူဇရပ်မြို့၌ ကျောက်ကပ်တု သွေးသန့်စင်ဌာန ဖွင့်လှစ်**

ပြည်တွင်းသတင်း စာ - ၂၁



ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် Covaxin အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

## ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်သန်း doses အနက် ပထမအသုတ် တစ်သန်း doses ရောက်ရှိ

**ဇန်နဝါရီ ၈ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသူ ၂၁ ဒသမ ၀၁ သန်းခန့်ရှိ**

နေပြည်တော် ဇန်နဝါရီ ၉

ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံပြည်သူများသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၇ သန်း တန်ဖိုးရှိ Covaxin အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း doses အနက် ပထမအသုတ်တစ်သန်း doses သည် Qatar Airways flight (QR8920) လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့နံနက် ၄ နာရီ မိနစ် ၅၀ က ရောက်ရှိသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❄

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီးအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

### ဇန်နဝါရီ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၃၇ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၁ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၅၅ % |

### အချိန်အခါမဟုတ်မိုးရွာနိုင် မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် ဇန်နဝါရီ ၉

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားနေသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး



တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးရုံးရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သိမ်းဆည်းရမိသည့် လက်လုပ်မိုင်း၊ ဆက်စပ်ပစ္စည်းများနှင့် မိုင်းပေါက်ကွဲမှုဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၉**

နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့၌ အကြမ်းဖက်သမားတစ်ဦး လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့ပြီး ၎င်းထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီတွင် တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါစည်ပင်ရုံးရှေ့နှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီး(လမ်းဟောင်း) အကြားတွင် အမျိုးသားတစ်ဦးကို ၎င်း၏လက်နှစ်ဖက်ရှိ လက်ချောင်းများပြတ်ကာ မျက်နှာ၌ မိုင်းစထိမှန်ဒဏ်ရာများဖြင့် တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအမျိုးသားကို ဆေးကုမှုခံယူနိုင်ရေး တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စည်ပင်ရုံးပတ်ဝန်းကျင်ကို လိုက်လံစစ်ဆေးခဲ့ရာ စည်ပင်ရုံးဝင်ပေါက်ယာဘက်ခြမ်း ပန်းချုံအတွင်းမှ

**စာမျက်နှာ ၁၁ ကော်လံ ၁** ◆